MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

သတင်းလွှာ

၂၀၂၅ ခုနှစ်၊ ဇွန်လ | အတွဲ - ၅၊ အမှတ် - ၁ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။

# မြေငလျင်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P







**ကူညီကယ်ဆယ်ရေးလုပ်ငန်းများအစ**

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ပြင်းအား (၇.၇) အဆင့်ရှိမြေငလျင်ကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းမြို့နှင့် မန္တလေးမြို့အနီးတဝိုက်ကို ဗဟိုပြုလှုပ်ခတ်ခဲ့ရာ စစ်ကိုင်း၊ မန္တလေးအပါအဝင် ငလျင်ကြောတစ်လျှောက်ရှိမြို့ရွာများတွင် အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့ ငလျင်ဒဏ်သင့်ဒေသများအနက် နေပြည်တော်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် MPRL E&P ကုမ္ပဏီများအုပ်စုရှိ ဌာနပေါင်းစုံမှ ကျွမ်းကျင်ဝန်ထမ်းများပါဝင်သည့် မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (Earthquake Relief Team - ERT) ကို ငလျင်လှုပ်ခတ်ပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ ဖွဲ့စည်းစေလွှတ်၍ ဘက်ပေါင်းစုံမှ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။

**ကုမ္ပဏီများအုပ်စု၏မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့**

အဆိုပါ ERT အဖွဲ့ကို MPRL E&P ၏ CSR & Communications Department ၏ Head of Corporate Sustainability ဦးဆောင်၍ အဖွဲ့ဝင် (၁၈) ဦးဖြင့်ဖွဲ့စည်းကာ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှ ဧပြီလ (၉) ရက်နေ့အထိ တဆက်တည်း ရက်ပေါင်း (၁၂) ရက်ကြာ အနီးကပ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ERT အဖွဲ့အနေဖြင့် အရေးပေါ်ဝန်ဆောင်မှုနှင့် ကယ်ဆယ်ရေးပစ္စည်းလိုအပ်ချက်ကို

စာမျက်နှာ - ၁၀ ➤

# ကြာကန်ကျေးရွာတွင် တူးဖော်ပြီးစီးသည့်ရေတွင်းတွင် ဆိုလာစွမ်းအင်သုံးရေတင်စနစ်နှင့် ဆက်စပ်ပစ္စည်းများ ထပ်မံပံ့ပိုး

မန်းရေနံမြေထိစပ်ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ကြာကန်ကျေးရွာတွင် ရေဂါလံ (၅၀၀၀) ဆန့် ရေလှောင်ကန်တည်ဆောက်ပြီးစီးခဲ့ပြီး အနက်ပေ (၅၅၀) ပေရှိ ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အဆိုပါလုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျစရိတ်ကျပ် ၁၄,၈၄၃,၉၀၀/ (ကျပ်တစ်ရာလေးဆယ့်ရှစ်သိန်းလေးသောင်းသုံးထောင့်ကိုးရာ) ရှိရာ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁၃,၁၆၅,၃၅၀/ ပံ့ပိုးခဲ့ပြီး ကြာကန်ကျေးရွာဒေသခံများက ၁,၆၇၈,၅၅၀/ ပူးပေါင်းပါဝင်ခဲ့သည်။





ကြာကန်ကျေးရွာတွင် အုပ်ချုပ်ရေးမှူးအဖြစ် (၇) နှစ်တာတာဝန်ထမ်းဆောင်လျက်ရှိသူ ဦးအောင်အောင်က "ကျွန်တော်တို့ကြာကန်က အိမ်ထောင်စုအရေအတွက် (၃၅၄) စုမှာ လူဦးရေ (၁,၄၉၇) ဦးနေထိုင်ပါတယ်။ ရွာအနီးတစ်ဝိုက်က ရေတွင်းတူးဖို့ခက်ခဲပြီး မအောင်မြင်တာတွေလည်းရှိခဲ့ဖူးပါတယ်။ အခု MPRL E&P (CSR အစီအစဉ်) ရဲ့ ပံ့ပိုးမှုနဲ့ တူးဖော်တော့လည်း ကျွန်တော်တို့ဒေသအခေါ် အာလူးကျောက်အလွှာကို ဖြတ်တူးရတာမို့ တွင်း (၅) ကြိမ် ပြိုကျပြီး နေရာ (၃) နေရာလောက် ရွှေ့တူးခဲ့ရပါတယ်။ ရေတွင်းတူးတဲ့သူတွေပါ အခက်အခဲရှိတာကြောင့် ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွေ၊ ရွာသူရွာသားတွေနဲ့ CSR လုပ်ငန်းအဖွဲ့ဝင်တွေအားလုံး ညှိနှိုင်းပေါင်းစပ်ပြီး ပူးပေါင်းပါဝင်ကူညီကြတာကြောင့် နောက်ဆုံးတော့ ရေတွင်းကို အောင်အောင်မြင်မြင် ဆက်တူးနိုင်ခဲ့ပါတယ်။ အခုလို လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ပစ္စည်းတွေကို အချိန်နဲ့တပြေးညီ ဝယ်နိုင်အောင် ရန်ပုံငွေပံ့ပိုးပေးတာ၊ ဘောင်ချာ၊ ငွေစာရင်းအထုတ်အသွင်း၊ လက်ကျန်တွေကအစ စိစစ်ပေးတာနဲ့ လိုအပ်တဲ့နည်းပညာနဲ့ လုပ်ငန်းခွင်ဘေးကင်းဖို့ကိုပါ MPRL E&P က CSR လုပ်ငန်းအဖွဲ့ဝင်တွေက အနီးကပ်ကြီးကြပ်ပြီးပံ့ပိုးပေးခဲ့တာကြောင့် လုပ်ငန်းအားလုံးချောမောပြီး မြောက်အောင်မြင်ခဲ့ပါတယ် " ဟု မှတ်ချက်ပြုသည်။

ထို့ပြင် ကြာကန်ကျေးရွာတွင် အသစ်တူးဖော်သည့် ရေတွင်း၊ ရေလှောင်ကန်များနှင့် ဆက်စပ်အသုံးပြုနိုင်ရန် 550 watts အားရှိ ဆိုလာပြား (၄) ပြား တပ်ဆင်အသုံးပြုမည့် ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဆက်လက်ပံ့ပိုးခဲ့သည်။ ဆိုလာစွမ်းအင်သုံး ရေစုပ်စက်အတွက် ကျသင့်ငွေကျပ် ၆,၉၁၂,၁၀၀/ (ကျပ်ခြောက်ဆယ့်ကိုးသိန်းတစ်သောင်းနှစ်ထောင့်တစ်ရာ) ကုန်ကျခဲ့ရာ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၆,၀၂၁,၂၀၀/ နှင့် ကြာကန်ကျေးရွာဒေသခံများက ကျပ် ၈၉၀,၉၀၀/ ပူးပေါင်းပါဝင်ခဲ့သည်။ အလားတူလေးအိမ်တန်းကျေးရွာ အခြေခံပညာကျောင်းတွင် ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်ပစ္စည်းလှူဒါန်းမှုများအတွက် အလှူရှင်ကဗျည်းပြားများတပ်ဆင်ခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ပထမသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည်။ ■







တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင် ရေးသားထားသည့် သတင်းနှင့်ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်းခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီနိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း – ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် – ၀၁ ၂၃၀ ၇၇၄၄
အီးမေးလ် – mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် – www.mprlexp.com

# လျှောင်ဒဏ်ခံရသည့် နေပြည်တော်တွင် ခေတ္တသွားရောက်ဖွင့်လှစ်ခဲ့သည့် ရွေ့လျားဆေးပေးခန်းများ မန်းရေနံမြေတွင် ပြန်လည်ဖွင့်လှစ်၊ မျက်စိခွဲစိတ်ပြီးဒေသခံများ၏ နောက်ဆက်တွဲကျန်းမာရေးအခြေအနေ ဆန်းစစ်





၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ စုရပ်နေရာ (၆) ခုတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ရွေ့လျားဆေးပေးခန်းများကို ပုံမှန်ဖွင့်လှစ်ခဲ့သည်။ သို့ရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် အလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်ပြီးနောက် မန်းရေနံမြေ၏ ရွေ့လျားဆေးပေးခန်းများကို ယာယီဆိုင်းငံ့ထားပြီး ငလျင်ဒဏ်ခံရသည့် နေပြည်တော်တွင် ဆေးပေးခန်းများကို မတ်လ (၂၉) ရက်နေ့မှ ဧပြီလ(၉) ရက်နေ့အထိ သွားရောက်ဖွင့်လှစ်၍ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများကို ဒေသခံပြည်သူ (၇၅၀) ဦးအတွက် ပံ့ပိုးနိုင်ခဲ့သည်။

ထို့ပြင် ယခင်ကြေညာထားသည့်အတိုင်း ရွေ့လျားဆေးပေးခန်းများကို သင်္ကြန်ကာလအတွင်း ခေတ္တဆိုင်းငံ့ခဲ့ပြီး ဧပြီလ (၂၂) ရက်နေ့မှစတင်၍ မူလအချိန်ဇယားများအတိုင်း သတ်မှတ်နေရာများတွင် ပြန်လည်ဖွင့်လှစ်၍ မန်းရေနံမြေဒေသခံများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြန်လည်ပံ့ပိုးခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မေလ (၂၅) ရက်နေ့အထိ စုစုပေါင်း ဆေးခန်း (၇၄၅) ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဒေသခံ (၂၁,၈၆၈) ဦးအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဒုတိယအကြိမ်မြောက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ နောက်ဆက်တွဲအနေဖြင့် မျက်စိခွဲစိတ်ကုသပေးခဲ့သည့် မန်းရေနံမြေဒေသခံအဖိုးအဖွား (၉၉) ဦးရှိပြီး ၎င်းတို့၏ ခွဲစိတ်ကုသပြီးအခြေအနေများကို လေ့လာဆန်းစစ်နိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၅ ခုနှစ်၊ မေလအတွင်း သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မန်းကျိုးကျေးရွာနေ ဒေါ်စိန်မြင့်က "ခွဲခဲ့တဲ့မျက်စိက ငယ်ငယ်ကတည်းက ထိခိုက်မိထားတဲ့ဒဏ်ကြောင့် ရှင်းရှင်းလင်းလင်းမမြင်ရပါဘူး။ အဝေးကိုကြည့်တာ၊ တီဗီကြည့်တာမျိုးဆို မျက်လုံးကမှေ့ကြည့်မှ မြင်ရပါတယ်။ မျက်စိခွဲစိတ်ပြီးနောက်ပိုင်း မှေ့ကြည့်စရာမလိုတော့ဘဲ ရှင်းရှင်းလင်းလင်းမြင်ရပါတယ်။ ရာသီဥတုပူတဲ့အချိန်မျိုးမှာ မျက်ဝတ်ထွက်တာ၊ မျက်ချေးကပ်တာရှိပေမယ့် ကြည့်ရတာတော့ အဆင်ပြေသွားပါပြီ။ ကျွန်မတို့ကိုယ်တိုင်ဆိုရင် မျက်စိခွဲဖို့ဆိုတာ မလွယ်ပါဘူး။ ကုမ္ပဏီအနေနဲ့ မျက်စိခွဲပေးခဲ့တဲ့အချိန်ကရော၊ ခုနောက်ပိုင်း မျက်စိခွဲပြီးသွားတဲ့အချိန်မှာပါ ဂရုတစိုက်နဲ့လာရောက်ကြည့်ရှုပြီး မေးမြန်းခဲ့တဲ့အတွက် ကုမ္ပဏီကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်" ဟု ဆိုသည်။

ယင်းသို့ခွဲစိတ်ပြီးအခြေအနေများကို မေးမြန်းဆန်းစစ်ရာတွင် လူနာ (၉၉) ဦးထဲမှ (၂၅) ဦးသည် ခွဲစိတ်ကုသမှုပြီးနောက် မျက်စိယားယံခြင်း အနည်းငယ်ခံစားရသည်မှလွဲ၍ သိသာထင်ရှားသည့် ဝေဒနာများမရှိကြောင်း သိရှိရပြီး လိုအပ်ပါက CSR လုပ်ငန်းအဖွဲ့ဝင်များထံဆက်သွယ် ပြောကြားနိုင်ကြောင်း အသိပေးပြောကြားခဲ့သည်။ ■









# နေကြာနှင့်ကုလားပဲတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးအချက်အလက်များကောက်ယူ၊ နမ္မဒါချည်ထည်အိတ်ချုပ်လုပ်ငန်းအတွက် လိုအပ်သည်များပံ့ပိုး







MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မျိုးစေ့ဘဏ်စနစ်အရ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း မျိုးစေ့ဘဏ်ကော်မတီ၏ အစီအစဉ်တစ်ရပ်အနေဖြင့် CSR လုပ်ငန်းအဖွဲ့ဝင်များသည် ချင်တောင်၊ မယ်ဘော့ကုန်း၊ ပေါက်ကုန်း



နှင့် ကြာကန်ကျေးရွာတို့ရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နေကြာနှင့် ကုလားပဲစိုက်ပျိုးရိတ်သိမ်းမှု အခြေအနေများကိုသိရှိနိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များသွားရောက်မေးမြန်းကောက်ယူခဲ့သည်။ အလားတူ မျိုးစေ့များ ပြန်လည်သိမ်းယူစုစည်းခြင်းနှင့် လာမည့်နှစ် စိုက်ပျိုးရာသီအတွက် မျိုးစေ့လွှဲပြောင်းထုတ်ပေးခြင်းတို့ကို မျိုးစေ့ဘဏ်ကော်မတီနှင့်ပူးပေါင်း၍ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့သည်။

ထို့ပြင် မန်းရေနံမြေဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းတစ်ခုအနေဖြင့် ထူထောင်ထားပြီးဖြစ်သည့် “နမ္မဒါ” ချည်ထည်အိတ်များချုပ်လုပ်သည့်လုပ်ငန်းအတွက် လုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်ရန် အဆိုပါလုပ်ငန်းအဖွဲ့ဝင် အမျိုးသမီးများနှင့်တွေ့ဆုံ၍ လိုအပ်သည်များပံ့ပိုးခဲ့သည်။ ■



# စေတနာ့ဝန်ထမ်းလစဉ်အစည်းအဝေးနှင့် အသိပညာမျှဝေ

မန်းရေနံမြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကုမ္ပဏီနှင့်ဒေသခံများအကြား ပေါင်းကူးဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိသော ဒေသခံစေတနာ့ဝန်ထမ်းများနှင့် CSR ဝန်ထမ်းအဖွဲ့ဝင်များက စေတနာ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ ကြီးကြပ်လမ်းညွှန်မှုနှင့်အတူ စေတနာ့ဝန်ထမ်းလစဉ်အစည်းအဝေးများကျင်းပပြုလုပ်၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စေတနာ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် CSR လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်ရည်ရွယ်၍ CSR Associate ဦးကျော်ငြိမ်းချမ်း ဦးဆောင်၍ စေတနာ့ဝန်ထမ်းအသိပညာမျှဝေမှုအစီအစဉ်များကို ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ပံ့ပိုးခဲ့သည်။

အဆိုပါ အသိပညာပေးအစီအစဉ်သို့ မန်းရေနံမြေထိစပ်ကျေးရွာများမှ စေတနာ့ဝန်ထမ်းများနှင့် ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များတက်ရောက်ခဲ့သည်။ ■









# MPRL E&P ၏ စိမ်းလန်းစိုပြေတို့မန်းမြေအစီအစဉ်အရ ပံ့ပိုးခဲ့သည့် လက်ပံတပင်ကျောင်း မင်းဘူးခရိုင်အဆင့် “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” အခမ်းအနားတွင် ဒုတိယဆုချီးမြှင့်ခံရ



၂၀၂၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကျင်းပသည့် မင်းဘူးခရိုင်အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် မင်းဘူးခရိုင်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို သတ်မှတ်အဆင့်အလိုက်ရွေးချယ်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ကျောင်းများအနက် “သန့်ရှင်း၍စိမ်းလန်းသောကျောင်း” ဒုတိယဆုအဖြစ် မန်းရေနံမြေရှိ လက်ပံတပင်ကျောင်းက လက်ခံရရှိခဲ့သည်။

သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် မင်းဘူးမြို့၌ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် မင်းဘူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက လက်ပံတပင်ကျောင်း၏ ယာယီတာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းနွယ်ထံ အသိအမှတ်ပြုဂုဏ်ပြုလွှာ၊ ဆုတံဆိပ်နှင့် ငွေသားကျပ် ၈၀,၀၀၀/ (ကျပ်ရှစ်သောင်း) တို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။



ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး၊ သန့်ရှင်းသာယာရေးနှင့် ကျောင်းပြင်ပသင်ခန်းစာများ လေ့ကျင့်သင်ယူနိုင်မည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရန် ရည်ရွယ်၍ MPRL E&P သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ” အစီအစဉ်ကို မယ်ဘော့ကုန်းနှင့် လက်ပံတပင်ကျေးရွာတို့ရှိ အခြေခံပညာကျောင်းများတွင် စတင်အကောင်အထည်ဖော်၍ လိုအပ်သည်များ ပံ့ပိုးခဲ့သည်။ အဆိုပါ လက်ပံတပင် ကျောင်းကိုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ “သန့်ရှင်း၍စိမ်းလန်းသောကျောင်းအစီအစဉ်” (Clean & Green Schools Program) တွင် အဆိုပြုပါဝင်နိုင်ရန် ကျောင်းအဝင်မြေသားလမ်းများ ပြုပြင်ခြင်း၊ ကျောင်းပရဝဏ်အတွင်း မျက်စိပသာဒဖြစ်စေမည့် သစ်ပင်ပန်းမန်များနှင့် ဆေးဘက်ဝင် ပရဆေးပင်များဖြင့် ပြင်ဆင်ဖြည့်တင်းနေရာချထားခြင်း၊ သူငယ်တန်းစာသင်ခန်းများတွင် သင်ကြားရေးအထောက်အကူပြု နံရံဆေးရေးပန်းချီများ ရေးဆွဲခြင်း၊ သီးပင်စားပင် စိုက်ပျိုးနည်းများကို လက်တွေ့သရုပ်ပြသနိုင်မည့် မြေဘောင်များ တိုးချဲ့ပြင်ဆင်ခြင်းနှင့် သီးပင်စားပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့အတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် ထပ်မံပံ့ပိုးခဲ့ခြင်းဖြစ်သည်။ ■

















# သင်ယူ ကာကွယ် ငလျင်အန္တရာယ်

ကျန်းမာရေးတွင် “ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်း၏” (Prevention is better than cure.) ဟု ဆိုကြသကဲ့သို့ ငလျင်ကဲ့သို့ သဘာဝဖြစ်စဉ်များနှင့် ပတ်သက်လျှင်လည်း ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

ငလျင်သည်ကမ္ဘာပေါ်တွင် နေ့စဉ်ဖြစ်ပွားနေခြင်းမဟုတ်သော်လည်း အချို့နိုင်ငံများသည် ငလျင်ဒဏ်ကို ပိုမိုကြုံတွေ့ခံစားရလေ့ရှိသည်။ အထူးသဖြင့် တူရကီ၊ အီရန်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ဖိလစ်ပိုင်၊ တရုတ်၊ ပီရူး၊ ဂျပန်၊ မက်ဆီကို အစရှိသောနိုင်ငံများသည် ငလျင်ဒဏ်ကို ပိုမိုကြုံတွေ့ရသည့်နိုင်ငံများဖြစ်သည်။ ငလျင်ဘေးသည် ကမ္ဘာပေါ်တွင် အလွန်အင်အားကြီးပြီး အဖျက်စွမ်းအားများပြားသော သဘာဝဖြစ်စဉ်ဖြစ်၍ လူနေထူထပ်သော မြို့ပြများ၌ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြစ်စေနိုင်ပြီး ဆူနာမီနှင့် မြေပြိုမှုများကိုလည်း ဖြစ်ပွားစေနိုင်သည်။ ငလျင်ဖြစ်ပွားစေသော အကြောင်းရင်းအချို့တွင် မြေထုချပ်များ လှုပ်ရှားမှု၊ မီးတောင်ပေါက်ကွဲမှု၊ ရေနှင့်အပူချိန်အပြောင်းအလဲနှင့် လေအလွန်အမင်းပြင်းထန်စွာတိုက်ခတ်ခြင်းများတို့ ပါဝင်သည်။ ငလျင်မဖြစ်ပေါ်စေရန် ကြိုတင်မတားဆီးနိုင်သော်လည်း၊ ငလျင်သတင်းများကို နေ့စဉ်စောင့်ကြည့်နားထောင်ရန် လိုအပ်ပြီး ငလျင်လှုပ်ရှားမှုဖြစ်လာပါက မိမိကိုယ်ကို ဘေးကင်းအောင် မည်သို့ပြုမူနေထိုင်ရမည်တို့ကို ကြိုတင်သိရှိနားလည်ထားသင့်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ပြင်းအား (၇.၇) အဆင့်ရှိသည့် ငလျင်ဒဏ်ကို မြန်မာနိုင်ငံအလယ်ပိုင်းနည်းတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီး လူလေးထောင်နီးပါး သေဆုံးခဲ့ရသည့်အပြင် ရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို တွက်ချက်နေဆဲဖြစ်သော်လည်း ကနဦးကိန်းဂဏန်းများအရ ဘီလျံနှင့်ချီသော ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်များကို ပြန်ကြည့်ပါက ၂၀၂၃ ခုနှစ်တွင် ဆိုင်ကလုန်းမိုခါ၊ ၂၀၂၄ ခုနှစ်တွင် ယာဂီမုန်တိုင်းတို့ကို ဆက်တိုက်ကြုံတွေ့ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်တွင် ကြုံတွေ့နိုင်သည့် သဘာဝဘေးဒုက္ခများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အထူးလိုအပ်ပါသည်။

ငလျင်သည် သဘာဝဖြစ်စဉ်တစ်ခုဖြစ်သော်လည်း သဘာဝဘေးဒုက္ခတစ်ခုမဟုတ်ပါ။ အကြောင်းမှာ ကြိုတင်ပြင်ဆင်မှု၊ တီထွင်ဆန်းသစ်မှုများဖြင့် ငလျင်ကို ကျော်လွှားနိုင်သည့် ဂျပန်၊ ချီလီနှင့် မက်ဆီကိုနိုင်ငံတို့ကို နမူနာထား၍ လေ့လာကြည့်နိုင်ပါသည်။ အဆိုပါနိုင်ငံများအနေနှင့် ငလျင်ကို ကျော်လွှားနိုင်ခြင်းသည် အသက်ရှင်ကျန်ရစ်ခြင်းသက်သက်သာမဟုတ်ဘဲ နောက်တစ်ကြိမ် ငလျင်မလှုပ်မီ လူတို့၏ အသက်စည်းစိမ်ကိုကာကွယ်မည့်စနစ်များ ကြိုတင်ပြင်ဆင်တည်ဆောက်ခြင်းဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ပစိဖိတ်သမုဒ္ဒရာ၏ အနားစွန်းတွင် မီးတောင်များနှင့် ငလျင်ကြောများ ပြည့်နှက်လျက်ရှိပြီး ငလျင်များစွာသည် ယင်းဒေသတစ်ဝိုက်တွင်ဖြစ်ပွားလေ့ရှိသည်။ ကမ္ဘာပေါ်ရှိ မီးတောင်ရှင်အများစုသည်လည်း အဆိုပါနေရာ (Ring of Fire) တွင် တည်ရှိနေသည်။ အထက်ပိုင်းတွင် ဂျပန်နိုင်ငံတည်ရှိနေပြီး ငလျင်ဒဏ်နှစ်စဉ်ခံစားရသည့် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတစ်ခုလည်းဖြစ်သည်။ နိုင်ငံတည်ရှိမှုကို နေရာရွှေ့ပြောင်း၍ မရနိုင်သော်လည်း နည်းပညာ၊ ဆောက်လုပ်ရေးအတတ်ပညာ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံရပ်တည်နေသည်ကိုလည်း တွေ့နိုင်သည်။

ဂျပန်နိုင်ငံတွင် နေ့ရက်တိုင်းကို ငလျင်အတွက် ပြင်ဆင်ထားသည်။ ကျောင်းသားကျောင်းသူနှင့် ကလေးသူငယ်များပါဝင်သည့် ငလျင်ကယ်ဆယ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်သကဲ့သို့ ပန်းခြံများနှင့်ကျောင်းကစားကွင်းများကို ငလျင်ဖြစ်ပွားသည့်အခါ လူစုရပ်အဖြစ်အသုံးပြုနိုင်ရန်သတ်မှတ်ထားသည်။ တိုကျိုမြို့တော်တစ်ခုတည်းတွင် လူစုရပ်နေရာ (၂၀၀) ကျော်ရှိကြောင်း၊ အဆိုပါစာရင်းကို လူဦးရေတိုးပွားမှုအလိုက် ပြန်လည်ပြင်ဆင်သတ်မှတ်ကြောင်း သိရသည်။












ဓာတ်ပုံ - အင်တာနက်

နောက်တစ်ချက်မှာ ငလျင်ဘေးကြိုတင်အသိပေးသည့်စနစ်ဖြစ်ပြီး ထောင်ချီသော မြေသားလှုပ်ရှားမှုများကို မှတ်တမ်းယူ၍ အဓိကမြေသားလှုပ်ရှားမှုဖြစ်သော အလျားလိုက်လှိုင်းများကိုဖမ်းယူပြီး ပြည်သူလူထုကို ဆက်သွယ်အသိပေးနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။

အလားတူ ပစိဖိတ်သမုဒ္ဒရာငလျင်ကြောပေါ်တွင် တည်ရှိသည့် ချီလီနိုင်ငံတွင် ၁၉၆၀ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် (၉.၆) ပြင်းအားရှိသောငလျင်နှင့် ဆူနာမီလှိုင်း ဖြစ်ပွားခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် တိုင်းပြည်၏ သဘာဝဘေးမူဝါဒများ အကြီးအကျယ်ပြောင်းလဲခဲ့ပြီး ငလျင်ဒဏ်ခံနိုင်ရည်နှင့်ပတ်သက်သည့် အဆောက်အအုံကြံ့ခိုင်မှုစည်းမျဉ်းများကို တင်းကျပ်စွာချမှတ်ခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်ကြောင့် ၂၀၁၀ ခုနှစ်တွင် ပြင်းအား (၈.၈) ရှိသည့်ငလျင် ထပ်မံလှုပ်ခတ်သည့်အခါ မြို့ပေါ်ရှိအဆောက်အအုံများစွာ ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ရပ်ကွက်နှင့်ကျောင်းအဆင့်အထိ ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ကိုယ်ထူကိုယ်ထ မဖြစ်မနေလုပ်ဆောင်ခဲ့ကြသည်။ ငလျင်ဆိုင်ရာဖြေရှင်းမှုသည် အစိုးရနှင့် ပြည်သူလူထုပါ ဘက်ပေါင်းစုံက ဝိုင်းဝန်းပြင်ဆင်ကြရန်လိုအပ်ကြောင်းတွေ့ရမည်ဖြစ်သည်။

နောက်ထပ်သာဓကတစ်ခုအနေဖြင့် Cocos နှင့် မြောက်အမေရိကန်မြေထုချပ်များပေါ်တွင်တည်ရှိသည့် မက်ဆီကိုနိုင်ငံသည်လည်း ငလျင်ဒဏ်ခံခဲ့ရသည့် သမိုင်းရှိခဲ့သည်။ ၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် မက်ဆီကိုမြို့တော်ကို ပြင်းအား (၈) ရှိသောငလျင်က ဖျက်ဆီးပစ်ပြီးနောက် မြို့တော်၏ ဆောက်လုပ်ရေးကဏ္ဍနှင့် အရေးပေါ်အခြေအနေအတွက် ပြင်ဆင်မှုများအလွန်အားနည်းသည်ကို သိရှိခဲ့ပြီး အပြောင်းအလဲများစတင်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် အများပြည်သူအတွက် ငလျင်အသိပေးစနစ် (Mexican Seismic Alert System) ကို စတင်အသုံးပြုခဲ့သည်။ အဆိုပါစနစ်တွင်ပါဝင်သည့် ကမ်းရိုးတန်းအာရုံခံကိရိယာ (Coastal Sensors) များသည် ပြင်းထန်သောငလျင်လှိုင်းများကို ဆန်းစစ်ဖော်ထုတ်ကာ ကြိုတင်အသိပေးနိုင်သဖြင့် မြို့နေပြည်သူများအနေဖြင့် လုံခြုံမည့်နေရာကို ရှာဖွေပြီးအကာအကွယ်ယူရန် (Drop၊ Cover၊ Hold) လုပ်နိုင်ရန်၊ မီးရထားနှင့်ကားများ ရပ်တန့်ရန်နှင့် အရေးပေါ်သတိပေးစနစ်များတွေ သက်ဝင်လှုပ်ရှားနိုင်ရန် ပြင်ဆင်ချိန်ရစေသည်။

သို့ဖြစ်၍ "အမြဲတစေ အသင့်အနေအထားဖြစ်ခြင်းသည် အသက်ပေါင်းများစွာကို ကယ်တင်နိုင်သည်" ဟူသည့် အသိအမြင်ဖြင့် စက်တင်ဘာလ (၁၉) ရက်နေ့ ရောက်တိုင်း တစ်နိုင်ငံလုံး ငလျင်ကယ်ဆယ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ကြပြီး ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရရုံးအဖွဲ့အစည်းများကပါ အတူပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

ထို့ကြောင့် ငလျင်အကြီးအကျယ်ကြုံခဲ့ရသည့် နိုင်ငံတိုင်းသည် သင်ခန်းစာယူပြီး မူဝါဒများနှင့် ပြည်သူလူထု အသိပညာပိုင်းဆိုင်ရာလိုအပ်ချက်များကို တိုးတက်ခေတ်မီစေခြင်းဖြင့် နောက်တစ်ကြိမ်အတွက် အကောင်းဆုံးပြင်ဆင်ကြသည်ကို တွေ့နိုင်သည်။ သဘာဝဘေးဟူသည် ရှိမြဲဖြစ်သော်လည်း လူတို့၏ အပြုအမူများကြောင့်သာ ထိခိုက်နစ်နာမှုများပြားခြင်း (သို့မဟုတ်) လျော့ပါးသက်သာခြင်းတို့ဖြစ်စေခြင်းကို သိရှိကြပြီးဖြစ်သည်။

သို့သော် ငလျင်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုအပိုင်းသည် ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် လွယ်ကူသည့်လုပ်ငန်းမဟုတ်ကြောင်း တွေ့ရသည်။ အဆိုပါနိုင်ငံများသည် ချမ်းသာသောနိုင်ငံများနှင့်မတူဘဲ ငွေကြေး၊ နည်းပညာ၊ သတင်းအချက်အလက်များ နည်းပါးသည့်အတွက် ငလျင်ဘေးနှင့်ပတ်သက်၍ မည်မျှမည်ပုံ ခွဲဝေသုံးစွဲရမည်ကို အလွယ်တကူမသိနိုင်ပါ။ နောက်တစ်ချက်မှာ "ငလျင်ဘယ်တော့ဖြစ်မှာလဲ။ ဘယ်လောက် ပြင်းထန်မှာလဲ။ ဘယ်လိုအကျိုးဆက်တွေဖြစ်မလဲ" ဟူသည့် မေးခွန်းများကို ရှင်းလင်းတိကျစွာခန့်မှန်းဖြေဆိုနိုင်ခြင်းမရှိသေးသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငလျင်ဘေးအန္တရာယ်သည် မရိုးမဆန်းသည့် ပြဿနာဖြစ်နေတတ်သည်။


ဓာတ်ပုံ - အင်တာနက်

လက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေတိုးပွားပြီး မြို့ပြများသို့ပြောင်းရွှေ့နေထိုင်လာကြသည့်အတွက် ကြီးမားသည့်ငလျင်သာဖြစ်ပွားပါက အဆိုပါမြို့ပြများသည် ပျက်စီးဆုံးရှုံးမှုအများအပြား ကြုံတွေ့ရမည့်အနေအထား ရှိနေပြန်သည်။ ထို့ကြောင့် မြို့ပြနေလူထုနှင့် ငလျင်အတွက် ကြိုတင်ပြင်ဆင်ရေးမှာ အလွန်ကြီးမားသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော် မဖြစ်နိုင်သည့်ကိစ္စတော့မဟုတ်ပေ။ ဥပမာအားဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဘင်္ဂလားဒေ့ရှ်သည် နှစ်စဉ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်မှကာကွယ်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် နမူနာရှိနေသည်။ ကမ်းရိုးတန်းတစ်လျှောက်တွင် ကယ်ဆယ်ရေးဌာနများ တည်ဆောက်ထားပြီး ဒေသတွင်း စေတနာ့ဝန်ထမ်းများက စုပေါင်း၍ လူအများအား ဆိုင်ကလုန်းမုန်တိုင်းမကျရောက်မီ ထွက်ခွာ၍ ထိုဌာနများသို့ သွားရောက်ခိုလှုံကြရန် ကြိုတင်သတိပေးကြသည်။ ထို့ကြောင့် ၁၉၇၀ ခုနှစ်တုန်းက ဆိုင်ကလုန်းတစ်ခုကြောင့် လူဦးရေ (၃) သိန်းမှ (၅) သိန်းအကြား သေဆုံးသော်လည်း ၂၀၀၇ ခုနှစ်တွင် လူဦးရေ (၁.၅) သန်းသည် ထွက်ပြေးလွတ်မြောက်၍ (၄,၃၀၀) ခန့်သာ ထိခိုက်သေဆုံးကြောင်း သိရသည်။ ငလျင်အတွက်လည်း အလားတူဆောင်ရွက်လျက်ရှိပြီး ယခုနှစ် မတ်လ (၂၈) ရက်နေ့တွင် မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့်ငလျင်နီးပါး ပြင်းထန်သည့်ငလျင်ဘေးကို မြို့တော်ဒါကာအပါအဝင် နေရာဒေသအချို့၌ ကြုံတွေ့ရနိုင်ကြောင်း သတိပေးချက်များထုတ်ပြန်ခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အဆောက်အအုံများ၏ ငလျင်ဒဏ်ခံနိုင်ရည်ကို ဆန်းစစ်ထားသည့် ကမ္ဘာ့ဘဏ်၏ ၂၀၁၄ ခုနှစ်လေ့လာမှုစစ်တမ်းအရ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အဆောက်အအုံအချို့သည် အလွယ်တကူထိခိုက်နိုင်ပြီး အများစုသည် ငလျင်လှုပ်ရှားမှုကို ခံနိုင်ရည်မရှိကြောင်း တွေ့ရသည်။ အကြောင်းမှာ အဆောက်အအုံမြေနေရာပြင်ဆင်မှုနှင့် တည်ဆောက်မှုအလွန်ညံ့ဖျင်းပြီး အဆောက်အအုံအရည်အသွေးသတ်မှတ်သည့်စနစ်များကို လိုက်နာမှုအားနည်းခြင်းကြောင့် အဆောက်အအုံအသစ် (သို့) အဟောင်းများပါ ငလျင်ဒဏ်ခံနိုင်ရည်နည်းပါးကြောင်း တွေ့ရသည်။ သို့ဖြစ်၍ အဓိကကာကွယ်ရေးလုပ်ငန်းတစ်ခုအနေဖြင့် အဆောက်အအုံကြံ့ခိုင်ရေးစစ်ဆေးမှုများကို ပိုမိုတင်းကြပ်စွာလုပ်ဆောင်သင့်ပြီး ငွေကြေးအရ အဆောက်အအုံကုန်ကျစရိတ်ကို (၅) % မှ (၁၀) % အကြား ပိုမိုသုံးစွဲပါက အတိုင်းအတာတစ်ခုအထိ ငလျင်ဘေးမှ လုံခြုံစိတ်ချရမှုရှိစေကြောင်း ဆိုသည်။ ထို့ပြင် မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ရေနှင့်ဓာတ်ငွေ့ပိုက်လိုင်းများလုံခြုံရေးဆောင်ရွက်ရန်၊ ဟောင်းနွမ်းသောအဆောက်အအုံဟောင်းများကို ပြန်လည်ပြုပြင်မွမ်းမံရန်၊ စာရွက်စာတမ်းနှင့် ဆေးဝါးများကြိုတင်ပြင်ဆင်ရန်၊ အစမ်းလေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ရန် အရေးကြီးပါသည်။

လူ့ဘဝသည် ရခဲသည်ဟု ဆိုကြပါသည်။ အမှန်တကယ် ရခဲသည့်လူ့ဘဝကို ရှာဖွေစုဆောင်းထားသည့် ပစ္စည်းဥစ္စာများဖြင့် ထိန်းသိမ်းမည့်အစား သီလ၊ သမာဓိ၊ ပညာဖြင့် ထိန်းသိမ်းခြင်းဖြင့် မိမိနှင့်မိမိပတ်ဝန်းကျင်ကိုပါ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ ငလျင်ကဲ့သို့သော သဘာဝဘေးများသည် မှန်းဆရခက်ခဲသည့်အတွက်ကြောင့် လက်တွေ့ကျသော မူဝါဒများ၊ သင်ခန်းစာများ၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် ပြင်ဆင်ဆောင်ရွက်မှသာ အများပြည်သူက တက်တက်ကြွကြွ ပူးပေါင်းပါဝင်နိုင်မည်ဖြစ်သည်။ သို့မှသာ နောက်တစ်ကြိမ်ကြီးမားသည့် ငလျင်ဘေးနှင့်ကြုံရပါက အဆိုပါ ရင်းနှီးမြှုပ်နှံမှု၊ ကြိုတင်ပြင်ဆင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ အကျိုးတရားကို အားလုံးမလွဲမသွေခံစားရမည်ဖြစ်ပါသည်။ ■

## ရည်ညွှန်း


1. World Atlas.(n.d.). The world's 10 most earth-quake-prone countries. Retrieved from

   https:// www. worldatlas. com/ articles/ the-world-s-10-most-earthquake-prone-countries .html

2. Eos. (2020, January 22). The wicked problem of earthquake hazard in developing countries. Retrieved from

   https://eos.org/features/the-wicked-problem-of-earthquake-hazard-in-developing-countries

3. DW. (2023, September 7). Learning to live with earthquakes: Lessons from around the world. Retrieved from

   https://www.dw.com/en/learning-to-live-with-earthquakes-lessons-from-around-the-world/a-72375835

4. British Geological Survey (BGS). (n.d.). How are earthquakes detected? Retrieved from

   https://www.bgs.ac.uk/discovering-geology/earth-hazards/earthquakes/how-are-earthquakes-detected/



# စာသင်ခန်းမှသည် လုပ်ငန်းခွင်ဆီသို့

## MPRL E&P ၏ ပညာသင်ဆုဖြင့် စိုက်ပျိုးရေးဒီပလိုမာရရှိခဲ့သည့် မန်းရေနံမြေဒေသခံလူငယ်များနှင့်တွေ့ဆုံခြင်း

MPRL E&P (CSR အစီအစဉ်) ၏ ပညာသင်ဆုပံ့ပိုးမှုဖြင့် မန်းရေနံမြေဒေသမှ လူငယ်ခုနစ်ဦး (အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦး) တို့သည် ၂၀၂၅ ခုနှစ်၊ အစောပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) တွင် သုံးနှစ်တာ ဒီပလိုမာသင်တန်းကို အောင်မြင်စွာတက်ရောက်ပြီးစီးခဲ့သည်။ ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူအားလုံးသည် ပညာသင်နှစ်တိုင်းတွင် စာတွေ့၊ လက်တွေ့ စာမေးပွဲများကို နှစ်ချင်းပေါက်အောင်မြင်ခဲ့ကြပြီး ယခုအခါလုပ်ငန်းခွင်သို့ ဝင်ရောက်နေကြပြီဖြစ်သည်။ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော လူငယ်များသည် သုံးနှစ်တာကာလအတွင်း သင်ယူတတ်မြောက်ခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာများကို လုပ်ငန်းခွင်နှင့်ဆက်စပ်၍ လက်တွေ့အသုံးပြုလျက်ရှိသည်ကို ယခုကဲ့သို့ ပြန်လည်မျှဝေခဲ့သည်။



**မဝေဝေလွင်**

Agro Great (မျိုးစေ့ထုတ်လုပ်ရေးကုမ္ပဏီ) ဝန်ထမ်း

“ဒီပလိုမာလက်မှတ်ရပြီးတော့ Agro Great (Seed Production) မျိုးစေ့ထုတ်လုပ်ရေးကုမ္ပဏီမှာ အလုပ်ဝင်နေပါတယ်။ ကွင်းဆင်းဝန်ထမ်းတစ်ဦးအနေနဲ့ တောင်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ပြီး စိုက်ပျိုးရေးနဲ့ သီးနှံပြုစုစောင့်ရှောက်ရေးဆိုင်ရာအကြံဉာဏ်တွေပေးရပါတယ်။ ကျောင်းမှာသင်ခဲ့ရတဲ့ စာတွေ့၊ လက်တွေ့သင်ခန်းစာတွေက ကျွန်မရဲ့ လက်ရှိအလုပ်အတွက် တကယ့်ကိုအသုံးဝင်ပါတယ်။ စိုက်ခင်းထဲ ပျိုးဘောင်ဆွဲတဲ့အနေအထားနဲ့ ပျိုးပင်တွေကို ဂရုစိုက်ရမယ့်နည်းလမ်းတွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ခဲ့ပါတယ်။ လုပ်ငန်းခွင်ထဲရောက်တော့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို ပိုပြီးနားလည်ခဲ့ပြီး ကိုယ်တိုင်လည်း ဒီနေရာတင်ရပ်မနေဘဲ ဒီထက်မြင့်တဲ့နေရာကို တက်လှမ်းချင်စိတ်တွေဖြစ်လာပါတယ်။ ဒါကြောင့်လည်း လက်ရှိမှာ အလုပ်တစ်ဖက်နဲ့ပဲ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဝင်ခွင့်စာမေးပွဲအတွက် ကြိုးစားပြင်ဆင်နေပါတယ်။”





**မောင်ဇေယျာဖြိုး**

စိုက်ပျိုးရေးသုံး ဆေးပစ္စည်းအရောင်းဆိုင် ဝန်ထမ်း

“ကျွန်တော်တို့အတွက် အခုဆို အလုပ်အကိုင်အခွင့်အလမ်းအများကြီးရှိပါတယ်။ ပုဂ္ဂလိကနဲ့ အစိုးရလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်တဲ့အတွက် အသက်မွေးဝမ်းကြောင်းကို အထောက်အကူပြုပါတယ်။ အခုဆို ကျွန်တော့်ဦးလေးရဲ့ စိုက်ပျိုးရေးသုံးဆေးပစ္စည်းအရောင်းဆိုင်မှာအလုပ်ဝင်ပြီး လုပ်ငန်းအတွေ့အကြုံယူနေပါတယ်။ ကျောင်းက သင်ပေးလိုက်တဲ့အသိပညာတွေက တောင်သူတွေအတွက် လက်တွေ့အသုံးဝင်တဲ့ဖြေရှင်းနည်းတွေအဖြစ် ဘယ်လိုပြောင်းလဲသွားလဲဆိုတာကို ကိုယ်တိုင်မြင်တွေ့နေရပါတယ်။ ကျွန်တော်က စိုက်ပျိုးရေးဆေးပစ္စည်းတွေထက် မျိုးစေ့ထုတ်လုပ်မှုအပိုင်းကို ပိုပြီးစိတ်ဝင်စားလို့ မျိုးစေ့ထုတ်လုပ်ရေးကုမ္ပဏီမှာ ဝင်ရောက်လုပ်ကိုင်ဖို့ အစီအစဉ်ရှိပါတယ်။ ကျောင်းက အသိပညာအခြေခံနဲ့ စိုက်ပျိုးရေးကဏ္ဍအတွက် အသက်မွေးဝမ်းကျောင်းအနေနဲ့ပါ အကျိုးပြုသွားဖို့ စိတ်ကူးရှိပါတယ်။”



**မောင်ဇေလင်းအောင်**

ကေရာဇာကုမ္ပဏီ ဝန်ထမ်း

“ကျောင်းပြီးတာနဲ့ ကေရာဇာကုမ္ပဏီလီမိတက် (စိုက်ပျိုးရေးသုံးဆေးပစ္စည်းအရောင်းကုမ္ပဏီ) မှာ အလုပ်ရခဲ့ပါတယ်။ ကုမ္ပဏီရဲ့ ကွင်းဆင်းဝန်ထမ်းတစ်ဦးအနေနဲ့ တောင်သူတွေကြုံတွေ့နေရတဲ့အခက်အခဲတွေကို ပြေလည်စေဖို့ ကျွန်တော်တို့ကုမ္ပဏီက ဘယ်စိုက်ပျိုးရေးဆေးဝါးကို အသုံးပြုသင့်တယ်ဆိုတာကို အကြံပြုလမ်းညွှန်ပေးပါတယ်။ ဒီအလုပ်အတွက် ကုမ္ပဏီတွေက စိုက်သိပ္ပံဘွဲ့ရတွေကို ဦးစားပေးခန့်ကြပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့သင်တန်းတွေမှာ ကွင်းဆင်းလုပ်ငန်းတွေ အများကြီးပါဝင်လို့ပါ။ စိုက်ပျိုးရေးဆေးပစ္စည်းအသုံးပြုပုံကို ရှင်းပြတာ၊ သရုပ်ပြကွက်တွေ စီမံခန့်ခွဲတာလိုမျိုး အလုပ်တွေအတွက် ကျွန်တော်တို့က ပိုပြီးသင့်တော်တယ်လို့ ယူဆကြပါတယ်။ လက်ရှိအလုပ်ဈေးကွက်မှာတော့ ကွင်းဆင်းလုပ်ငန်းတွေအတွက် သွားလာရလွယ်ကူတဲ့ အမျိုးသားဘွဲ့ရတွေကို ပိုပြီးအခွင့်အရေးပေးပါတယ်။ ကျွန်တော်တို့ရဲ့ ကျောင်းသင်ခန်းစာတွေက ဒီလိုအလုပ်အကိုင်အခွင့်အလမ်းတွေအတွက် အားသာချက်တစ်ခုဖြစ်စေပါတယ်။”



**မသီတာအေး**
စတိုးဆိုင်ဝန်ထမ်း

"လက်ရှိမှာ မင်းဘူးမြို့ထဲက စတိုးဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်နေပါတယ်။ ကျောင်းမှာသင်ခဲ့ရတဲ့ စိုက်ပျိုးရေးပညာကို မိဘတွေရဲ့လယ်ယာလုပ်ငန်းမှာ အကူအညီပေးရင်း အသုံးချဖြစ်ပါတယ်။ အိမ်ကလည်း သီးနှံတွေကို အလှည့်ကျစိုက်တာမို့ မိရိုးဖလာစိုက်ပျိုးနည်းတွေကိုလည်း လက်တွေ့လေ့လာခွင့်ရပြီး ကျောင်းမှာသင်ယူခဲ့တာတွေကိုလည်း မိဘတွေကို ပြန်မျှဝေဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ငါးအမိုင်နီနဲ့ တမာပိုးသတ်ဆေးတို့ကို ဖော်စပ်ဖြစ်ပြီး အိမ်ကစိုက်ခင်းတွေမှာ သုံးစွဲနေပါတယ်။ နောက်ဆို ကျောင်းကသင်ယူခဲ့တဲ့ စိုက်ပျိုးရေးပညာနဲ့ အိမ်အလုပ်ကို ဦးစီးလုပ်ကိုင်သွားဖို့ စိတ်ကူးရှိပါတယ်။ စိုက်ပျိုးရေးသုံးဆေးတွေနဲ့ပတ်သတ်ပြီး ပိုပြီးနားလည်ချင်တာကြောင့် စိုက်ပျိုးရေးဆေးပစ္စည်းဆိုင်မှာ အလုပ်ဝင်လုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ရရှိလာတဲ့ လုပ်ငန်းခွင်အသိပညာတွေကို စိုက်ခင်းတွေမှာ နည်းစနစ်မှန်မှန်နဲ့ အသုံးပြုတတ်လာအောင် ကြိုးစားသွားပါမယ်။"



**မချစ်နှင်းဖြူ**
Agro Great
(မျိုးစေ့ထုတ်လုပ်ရေး
ကုမ္ပဏီ) ဝန်ထမ်း

"ကျွန်မလည်း ရေဆင်းတက္ကသိုလ် ဝင်ခွင့်စာမေးပွဲအတွက် ပြင်ဆင်နေချိန် စာမေးပွဲကာလ ရွှေ့ဆိုင်းသွားတဲ့အတွက် လုပ်ငန်းခွင်အတွေ့အကြုံရဖို့ Agro Great မှာ အလုပ်ဝင်ခဲ့တာပါ။ လုပ်ငန်းတာဝန်တွေအနေနဲ့က ပစ္စည်းစာရင်းစီမံခန့်ခွဲတာ၊ ကွင်းဆင်းပြီး တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာအကူအညီပေးတာနဲ့ နည်းပညာဆိုင်ရာအချက်အလက်တွေ မျှဝေတာတွေဖြစ်ပါတယ်။ ယာခင်းအခြေအနေပေါ်မူတည်ပြီး အပင်အရေအတွက် တွက်ချက်တာ၊ စိုက်ခင်းဧက တွက်ချက်တာ၊ ပျိုးဘောင်ဆွဲတဲ့ အနေအထား၊ ပျိုးပင်ဂရုစိုက်ရမယ့်နည်းလမ်း စတာတွေက ကျောင်းမှာသင်ခဲ့ရတဲ့သင်ခန်းစာတွေမို့ အလုပ်မှာ လက်တွေ့အသုံးဝင်ပါတယ်။ ဒီလိုအသိပညာ၊ အတတ်ပညာအခြေခံတွေကြောင့် ယုံကြည်မှုရှိရှိနဲ့ လုပ်ငန်းခွင်ဝင်ရောက်နိုင်ခဲ့ပါတယ်။"





**မောင်ဟိန်းပြည့်စုံ**
မင်္ဂလာဟသာကုမ္ပဏီ
ဝန်ထမ်း

"MPRL E&P ရဲ့ ပညာသင်ဆုထောက်ပံ့မှုက ကျွန်တော့်ရဲ့ ပညာရေးအတွက် ငွေကြေးဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးခဲ့တာကြောင့် ပညာသင်ယူဖို့ကို အဓိကအာရုံစိုက်နိုင်ခဲ့ပါတယ်။ ကျောင်းမှာ အဖွဲ့လိုက်လုပ်ဆောင်မှု၊ သင်ကြားမှုနဲ့ လက်တွေ့ထိတွေ့ဆက်ဆံမှုကို အလေးထားတဲ့အတွက် မင်္ဂလာဟသာကုမ္ပဏီရဲ့ ကွင်းဆင်းဝန်ထမ်းတစ်ယောက်အနေနဲ့ အခြေခံကောင်းတွေရခဲ့ပါတယ်။ အခုဆိုရင် ကျေးလက်ဒေသတွေကို ခရီးသွားပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာ၊ တောင်သူတွေနဲ့ နီးနီးကပ်ကပ် အလုပ်လုပ်နေရတာက ကျွန်တော်တို့ လေ့ကျင့်သင်ကြားခဲ့ရတဲ့ အလုပ်မျိုးပါပဲ။ ဒီပညာရေးကနေရရှိခဲ့တဲ့ ကျွမ်းကျင်မှုနဲ့ စိတ်ဓာတ်တွေက ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်းကို ချောမွေ့စေပြီး အကျိုးကျေးဇူးများခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အသက်မွေးမှုလမ်းကြောင်း အဆင်ပြေအောင် ကျောင်းစရိတ်တွေ ပံ့ပိုးကူညီခဲ့တဲ့ MPRL E&P ကုမ္ပဏီနဲ့ ပညာသင်ကြားပေးခဲ့တဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း (ပွင့်ဖြူ) ကိုပါ ကျေးဇူးအထူးတင်ရှိပါတယ်။"



**မောင်ကျော်စိုးလင်း**
မင်္ဂလာဟသာကုမ္ပဏီ
ဝန်ထမ်း

"စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသင်တန်းပြီးတော့ အလုပ်အကိုင်ရဖို့ မခက်ခဲခဲ့ပါဘူး။ ကျွန်တော်တို့ ကျောင်းပြီးတဲ့အချိန်နဲ့ ကုမ္ပဏီတွေက အလုပ်ခေါ်တဲ့အချိန် ကိုက်ညီနေလို့ အလုပ်ရလွယ်ကူခဲ့ပါတယ်။ ကျွန်တော်က လက်ရှိမှာ မင်္ဂလာဟသာ စိုက်ပျိုးရေးဆေးနဲ့ ဓာတ်မြေသြဇာဖြန့်ဖြူးရေးကုမ္ပဏီမှာ အလုပ်လုပ်နေပါတယ်။ စိုက်ပျိုးရေးသုံးဆေးပစ္စည်းတွေ ပို့ဆောင်တာ၊ တောင်သူတွေကို အကြံဉာဏ်ပေးတာနဲ့ သရုပ်ပြစိုက်ကွက်တွေကို ပံ့ပိုးပေးတာတွေက ကျွန်တော် ကျောင်းတက်တုန်းက လေ့ကျင့်ခဲ့ရတာတွေနဲ့ ဆက်စပ်မှုရှိပါတယ်။ တောင်သူပညာပေးလုပ်ငန်းတွေကို ကျွန်တော်တို့ကျောင်းက သေသေချာချာလေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ကျောင်းရဲ့ လက်တွေ့ကျတဲ့ သင်ကြားရေးပုံစံက လုပ်ငန်းခွင်မှာ အဆင်ပြေစေပါတယ်။ တောင်သူတွေနဲ့ ထိတွေ့ဆက်ဆံတာကနေ စိုက်ပျိုးရေးအသိပညာနဲ့ ကွင်းဆင်းအသုံးချတာအထိ ကျွန်တော့်ရဲ့ပညာရေးက လုပ်ငန်းခွင်အောင်မြင်ဖို့အတွက် အရေးပါတယ်လို့လည်း နားလည်မိပါတယ်။" ■

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် MOGE ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအဖြစ် MPRL E&P (CSR အစီအစဉ်) ဖြင့် လှူဒါန်းမှုများစတင်

MPRL E&P (CSR အစီအစဉ်) ၏ MOGE ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်းပြုလုပ်ကျင်းပခဲ့သည့် ပဌာန်းပွဲအလှူအတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ကျပ် ၆၅၀,၀၀၀/ (ကျပ်ခြောက်သိန်းငါးသောင်း) ကို လှူဒါန်းခဲ့သည်။ MPRL E&P သည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မန်းရေနံမြေ လူငယ်စုစုပေါင်း (၈) ဦးအတွက် ပညာသင်ဆုများ ပံ့ပိုးခဲ့ရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ဝန်ထမ်းမိသားစုဝင် သင်တန်းသား (၁) ဦးအတွက် ပညာသင်ဆုကို MOGE ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအစီအစဉ်ဖြင့် ပံ့ပိုးလျက်ရှိသည်။ ■



မျက်နှာဖုံးမှ အဆက် ➤

ဦးစွာဆန်းစစ်ဖော်ထုတ်ခဲ့ပြီး အချိန်နှင့်တပြေးညီပံ့ပိုးနိုင်ရန် လျင်မြန်ထိရောက်စွာ ဖြန့်ခွဲလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။



"ဒါက ဝန်ထမ်းတွေ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ပါဝင်လုပ်ကိုင်တဲ့ စေတနာ့ဝန်ထမ်းအလုပ်တွေကို အရင်ကတည်းက အားပေးခဲ့တာကြာပြီဖြစ်တဲ့ ကျွန်မတို့ရဲ့ CSR မဟာဗျူဟာမှာ အရေးပါတဲ့ တိုးတက်ပြောင်းလဲမှုတစ်ခုလို့ မှတ်ယူနိုင်ပါတယ်။ ပျက်စီးမှုပမာဏကို အတိအကျ မခန့်မှန်းနိုင်သေးချိန်မှာ အဆိုးဆုံးအခြေအနေတွေအတွက် ကြိုပြင်ဆင်ခဲ့သလို ကျန်းမာရေးဝန်ဆောင်မှုနဲ့ သောက်သုံးရေသန့်ရရှိရေးလို အရေးကြီးတဲ့အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ ကျွန်မတို့ ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ကျန်းမာရေးအကူအညီအရေးပေါ်လိုအပ်နေတာမို့ ကျွန်မတို့ရောက်တာနဲ့တစ်ခါတည်း ရွေ့လျားဆေးပေးခန်းနဲ့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကို ချက်ချင်းပံ့ပိုးနိုင်ခဲ့ပါတယ်။ အဝေးက လိုအပ်တာဖြည့်ဆည်းတာထက် ကျွန်မတို့ကုမ္ပဏီရဲ့ ဒီလို မြေပြင်အရောက် ထိထိရောက်ရောက် လာရောက်ပံ့ပိုးတာကို အစိုးရဌာနဆိုင်ရာအကြီးအကဲတွေနဲ့ ငလျင်ဒဏ်ခံရတဲ့ ဒေသခံမိသားစုတွေက အားကိုးယုံကြည်ပြီး နွေးနွေးထွေးထွေးကြိုဆိုခဲ့ကြပါတယ်" ဟု မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ကို ဦးဆောင်စီမံခန့်ခွဲခဲ့သည့် Head of Corporate Sustainability ဒေါ်ဝတ်မှုံတင်လတ်က ဆိုသည်။





## မြေပြင်အရောက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု

ငလျင်ဒဏ်ခံရသည့်ဒေသခံများအတွက် အရေးပေါ်ကယ်ဆယ်ရေးအထောက်အပံ့များ ချက်ချင်းရရှိစေရန်နှင့် ထိခိုက်ဒဏ်ရာရသူများကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများပံ့ပိုးနိုင်ရန် မန်းရေနံမြေတွင် ပုံမှန်လည်ပတ်ဖွင့်လှစ်လျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများကို ခေတ္တဆိုင်းငံ့ပြီး ငလျင်ဒဏ်သင့် နေပြည်တော်သို့ ချက်ချင်းပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ရွေ့လျားဆေးပေးခန်းများကို MPRL E&P ၏ ရေနံမြေတာဝန်ခံဆရာဝန်က ဦးစီး၍ ကျန်းမာရေးအထောက်အကူပြုဝန်ထမ်း (၂) ဦးနှင့်အတူ ERT အဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရေးဦးပြုစုခြင်း၊ ထိခိုက်ဒဏ်ရာများကုသခြင်း၊ ရွေ့လျားဆေးပေးခန်းများကို လိုအပ်သလို ပြောင်းရွှေ့ပြင်ဆင်ဖွင့်လှစ်ခြင်း၊ လူနာရှိရာအရောက်သွား၍ ကုသမှုပေးခြင်း၊ ဆေးခန်းလာရောက်ရန် အခက်အခဲရှိသူများကို ဆေးခန်းသို့လာရောက်ကုသနိုင်စေရန် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။



"အသက်ရှင်ကျန်ရစ်တဲ့ မိသားစုတွေအတွက် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု အတော်လိုအပ်နေတာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့တာဝန်က အထောက်အပံ့အကူအညီပေးရုံတင်မဟုတ်ဘဲ အရေးပေါ်အခြေအနေမှာ စိတ်ချလက်ချနေနိုင်ဖို့နဲ့ ရှင်သန်ကျန်ရစ်သူတွေအတွက် စိတ်သက်သာမှုပေးနိုင်ဖို့လည်း ဖြစ်ပါတယ်" ဟု မန်းရေနံမြေတာဝန်ခံ ဆရာဝန်ဒေါက်တာကျော်ရဲထွဋ်က ဆိုသည်။

ထို့ပြင် ငလျင်နောက်ဆက်တွဲ မူးဝေနောက်ကျိသည့် လက္ခဏာများ၊ မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သားနှင့် အရိုးများနာကျင်ကိုက်ခဲခြင်း၊ အသေးစားထိခိုက်ဒဏ်ရာများနှင့် နာတာရှည်ဝေဒနာများကိုပါ ကုသပေးနိုင်ခဲ့သည်။ တဆက်တည်း ရက်ပေါင်း (၁၂) ရက်အတွင်း လူနာအရေအတွက် (၇၅၀) ဦးအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဧပြီလ (၉) ရက်နေ့တွင် ငလျင်ဒဏ်ခံ ဒေသခံများအတွက် လိုအပ်သလို ဆက်လက်ပံ့ပိုးထောက်ပံ့နိုင်ရန် ကျန်ရှိဆေးဝါးအထောက်အပံ့များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တာဝန်ခံဆရာဝန်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

"အရေးပေါ်အခြေအနေမှာ သောက်သုံးရေ၊ ယာယီတဲတွေနဲ့ လျှပ်စစ်မီးလို အခြေခံလိုအပ်ချက်တွေကို အမြန်ဆုံးဖြန့်ဖြူးနိုင်ဖို့ နဂိုလုပ်လေ့လုပ်ထရှိတဲ့ နည်းလမ်းတွေနဲ့မလုံလောက်တဲ့အတွက် စွမ်းအင်ဝန်ကြီးဌာနနဲ့ တခြားအဖွဲ့အစည်းတွေနဲ့ပါချိတ်ဆက်ပြီး စက်ယန္တရားကြီးတွေ ရယူခဲ့











ရပါတယ်။ ပစ္စည်းသယ်ယူထောက်ပံ့ရေးလုပ်ငန်းတွေတင် မကဘဲ ငလျင်ဒဏ်ခံရတဲ့ဒေသခံတွေဆီ တိုက်ရိုက်ထိတွေ့ ရောက်ရှိပြီး ပံ့ပိုးနိုင်ဖို့ကလည်း အလွန်အရေးကြီးပါတယ်။ ငလျင်ဒဏ်ခံခဲ့ရတဲ့ မိသားစုတွေရဲ့ခံစားချက်တွေကို နားထောင်ပေးတာ၊ အားပေးစကားပြောပေးတာ၊ လတ်တလော နေရေးထိုင်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပံ့ပိုးကူညီနိုင်ဖို့ အဓိကအခန်းကဏ္ဍကပါဝင်ခဲ့ပါတယ်" ဟု HSE Mangaer ဦးနေမျိုးအောင်က မှတ်ချက်ပြုသည်။

ငလျင်လှုပ်ခတ်ပြီး နေအိမ်အဆောက်အဦများနှင့် လမ်းတံတားများပျက်စီး၍ သယ်ယူပို့ဆောင်ထောက်ပံ့ရေးဆိုင်ရာ အခက်အခဲများရှိနေစဉ် အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ မစတင်နိုင်မီ အချိန်တွင် MPRL E&P ၏ ERT အဖွဲ့အနေဖြင့် ငလျင်လှုပ်ခတ်ပြီးနောက်တစ်ရက်တွင် နေပြည်တော်သို့ချက်ချင်းရောက်ရှိ ဖြန့်ခွဲကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်နိုင်ခဲ့သည်။

**လူသားချင်းစာနာမှုအကူအညီနှင့်ပံ့ပိုးထောက်ပံ့မှုများ**

ဒေသန္တရဆေးရုံ၊ ဆေးပေးခန်းများပါ ငလျင်ဒဏ်ခံစားခဲ့ရပြီး ထိခိုက်ပျက်စီးမှုများရှိနေချိန်တွင် MPRL E&P ၏ ရွေ့လျားဆေးပေးခန်းများကို စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများနေထိုင်သည့် ဝန်ထမ်းအိမ်ရာအနီးတဝိုက်တွင် ထိခိုက်ဒဏ်ရာရသူများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အထိုင်ချဖွင့်လှစ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အရေးပေါ်လိုအပ်သည့် အခြားနေရာများသို့ လိုအပ်သလို ပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြင့် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုများကို အချိန်နှင့်တပြေးညီ ပံ့ပိုးနိုင်ခဲ့သည်။ ထို့ပြင် ရေသန့်ဘူး၊ ရေစိုခံအခင်းဖျာ၊ ခေါက်ဆွဲခြောက်၊ အရေးကြီးဆေးဝါးများနှင့် ရှေးဦးပြုစုနိုင်မည့် အရေးပေါ်ဆေးအိတ်များ (First Aid Kits) နှင့် အခြားအသုံးအဆောင်များအပါအဝင် လူသားချင်းစာနာမှု အကူအညီ





များကို ရှေးဦးကူညီကယ်ဆယ်မှုအဖြစ် ငလျင်ဒဏ်သင့်ဒေသခံများထံ စောလျှင်စွာ ပံ့ပိုးထောက်ပံ့နိုင်ခဲ့သည်။ ထို့ပြင် နေပြည်တော်ရှိ ငလျင်ဒဏ်ခံရသည့် မိသားစုများ၊ ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ပညာရေးအဖွဲ့အစည်းများနှင့် ဒေသခံကယ်ဆယ်ရေးအဖွဲ့များထံသို့ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ဖြန့်ဝေပံ့ပိုးခဲ့သည်။ ထို့ပြင် ငလျင်လှုပ်ခတ်ချိန်နှင့်လှုပ်ခတ်ပြီးအချိန် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်ဆဲလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန် နေရာထိုင်ခင်းစီစဉ်ခြင်း၊ ယာယီရေလှောင်ကန်နှင့် ရေဖြန့်ဝေနိုင်မည့်ပစ္စည်းများ၊ ရေအိမ်များတည်ဆောက်တပ်ဆင်ခြင်း၊ 100 KVA မီးစက် (၂) လုံးနှင့် 60 KVA မီးစက် (၁) လုံးတပ်ဆင်ခြင်း၊ ကယ်ဆယ်ရေးစခန်းများ တည်ဆောက်ရာတွင် လူအင်အားနည်းပါးသည့်အတွက် အကြီးစားပစ္စည်းကိရိယာများရရှိနိုင်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပံ့ပိုးနိုင်ခဲ့သည်။ အလားတူ ယာယီရုံးခန်းအဖြစ်အသုံးပြုမည့် Modular Unit များ၊ စောင်နှင့်ခေါင်းအုံးများ၊ မျက်နှာသုတ်ပုဝါနှင့် သွားတိုက်ဆေး၊ အမျိုးသမီးလစဉ်သုံးပစ္စည်း၊ သောက်သုံးရေ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များနှင့် ကယ်ဆယ်ရေးအဖွဲ့များအတွက် အကာအကွယ်လက်အိတ်များကို ထပ်မံပံ့ပိုးခဲ့သည်။

**စေတနာ့ဝန်ထမ်းဆောင်ရွက်မှု ကျေးဇူးတင်ဂုဏ်ပြု**

ယင်းသို့ MPRL E&P ၏ မြေပြင်အရောက် ရှေးဦးကူညီကယ်ဆယ်သူအဖြစ် မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လက်တွေ့ပါဝင်ဆောင်ရွက်မှုတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများက လာရောက်ကြည့်ရှုအားပေးကာ ကုမ္ပဏီ၏ လူမှုတာဝန်သိစိတ်နှင့် စေတနာ့ဝန်ထမ်းဆောင်ရွက်မှုများအပေါ် ချီးကျူးဂုဏ်ပြု၍ ကျေးဇူးတင်စကားဆိုခဲ့သည်။







စာမျက်နှာ - ၁၂ ➤

စာမျက်နှာ - ၁၁ မှ အဆက် ➤

ထို့ပြင် MPRL E&P ကုမ္ပဏီများအုပ်စု၏ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့၏ ငလျင်ဒဏ်ခံရသည့်ဒေသသို့ သွားရောက်ကာ လူသားချင်းစာနာမှုအကူအညီများကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ပါဝင်၍ စေတနာ့ဝန်ထမ်းဆောင်ရွက်ခဲ့မှုအပေါ် MPRL E&P ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့ဝင်များက အထူးကျေးဇူးတင်ဂုဏ်ပြုခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မေလ (၅) ရက်နေ့တွင်ကျင်းပသည့် ကုမ္ပဏီ၏ Monthly Management Meeting မတိုင်မီတွင် မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ဝတ်မှုံတင်လတ်နှင့်အတူ အဖွဲ့ဝင်စုစုပေါင်း (၁၈) ဦးကို အသိအမှတ်ပြုဂုဏ်ပြုလွှာနှင့်အတူ ဂုဏ်ပြုဆုငွေများပါ ပေးအပ်ချီးမြှင့်ခဲ့သည်။



### လှူဒါန်းမှုများနှင့် ကာလတို၊ ကာလရှည်ပံ့ပိုးမှုအစီအစဉ်

ငလျင်လှုပ်ခတ်မှုအပြီးတွင် သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဘက်စုံလွှမ်းခြုံမှုရှိပြီး ထိရောက်သည့် ကူညီကယ်ဆယ်ရေးနည်းလမ်းများဖြင့် MPRL E&P ကုမ္ပဏီများအုပ်စုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ တိုက်ရိုက်ပံ့ပိုးခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းဖြန့်ဝေမှုများအပြင် ကုမ္ပဏီ၏ငွေကြေးနှင့်ပစ္စည်းလှူဒါန်းမှုများအဖြစ် MPRL E&P အနေဖြင့် ကျပ် ၃၀၀,၀၀၀,၀၀၀/ နှင့် ကုမ္ပဏီများအုပ်စုဝင် အခြားကုမ္ပဏီများက ကျပ် ၃၀,၀၀၀,၀၀၀/ ဖြင့် စုစုပေါင်း MPRL E&P ကုမ္ပဏီများအုပ်စုအနေဖြင့် ကျပ် ၃၃၀,၀၀၀,၀၀၀/ (ကျပ်သိန်းပေါင်းသုံးထောင့်သုံးရာ) ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လှူဒါန်းခဲ့သည်။ အလားတူ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့၏ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့အထိ ကနဦးပံ့ပိုးမှုအဖြစ် ကျပ် ၁၈၇,၆၄၉,၈၇၅/ (ကျပ်တစ်ထောင့်ရှစ်ရာခုနစ်ဆယ့်ခြောက်သိန်းလေးသောင်းကိုးထောင်ရှစ်ရာခုနစ်ဆယ့်ငါး) နှင့် အမေရိကန်ဒေါ်လာ ၁၀,၃၁၀ တို့ကိုအသုံးပြု၍ ပံ့ပိုးခဲ့သည်။

ထို့ပြင် MPRL E&P ကုမ္ပဏီများအုပ်စု၏ ဌာနဝန်ထမ်းများနှင့်နိုင်ငံခြားသားဝန်ထမ်းမိသားစုများက ကျပ် ၆၀,၀၀၀,၀၀၀/ (ကျပ်သိန်းခြောက်ရာ) ကို ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ အဆိုပါလှူဒါန်းငွေများကို ၂၀၂၅-၂၀၂၆ ပညာရေးနှစ် ကျောင်းဖွင့်ရာသီတွင် သုငယ်တန်းမှ Grade-12 အထိ တက်ရောက်ကြမည့် စွမ်းအင်ဝန်ကြီးဌာန၏ မိသားစုဝင်ကျောင်းသားကျောင်းသူ (၅,၀၀၀) ကျော်အတွက် အရေးပေါ်ပညာရေးရန်ပုံငွေအဖြစ် ရည်ရွယ်ပံ့ပိုးလှူဒါန်းခဲ့သည်။ ထို့ပြင် ရေရှည်ပညာရေးအထောက်အပံ့အဖြစ် စွမ်းအင်ဝန်ကြီးဌာနမိသားစုဝင် သားသမီးများအတွက် တက္ကသိုလ်ပညာသင်ဆု ရန်ပုံငွေတစ်ရပ်ကို အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့်မိသားစုက အမေရိကန်ဒေါ်လာ ၂၅,၀၀၀ ကို ကနဦး မတည်သွားမည်ဖြစ်ပြီး အဆိုပါ ပညာရေးရန်ပုံငွေကို နိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည့် ရေနံအင်ဂျင်နီယာ၊ ဘူမိဗေဒနှင့် ဆက်စပ်ဘာသာရပ်များကို လေ့လာကြမည့် မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်ပံ့ပိုးသွားမည်ဖြစ်သည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဂုဏ်ပြုမှတ်တမ်းလွှာ
ကျပ် ၃၀၀,၀၀၀,၀၀၀ (ကျပ် သိန်းသုံးထောင်)
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်

### ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးတွင် ဘက်စုံပူးပေါင်းပါဝင်ဆောင်ရွက်

MPRL E&P သည် ၂၀၂၄ ယာဂီမုန်တိုင်းတိုက်ခတ်မှုအပြီးတွင် စွမ်းအင်မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်းအဖြစ် ငွေကြေးနှင့် ဆက်စပ်ပစ္စည်းများကိုလှူဒါန်းခဲ့သည့် သမရိုးကျအလှူရှင်အဖြစ်မှ မန္တလေးငလျင်ကြီးတွင် ကုမ္ပဏီအနေဖြင့် ငလျင်ဒဏ်ခံရသည့်ဒေသအရောက် ကွင်းဆင်း၍ ရှေးဦးကူညီကယ်ဆယ်သူအဖြစ် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လူသားချင်းစာနာမှုအကူအညီများကို တိုက်ရိုက်ဖြန့်ခွဲပံ့ပိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ငလျင်နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုတာဝန်သိစိတ်ဖြင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ငွေကြေးတိုက်ရိုက်လှူဒါန်းမှုများအပြင် ကာလတိုနှင့်ကာလရှည် ပညာရေးပံ့ပိုးမှု အစီအမံများဖြင့်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။



သို့ဖြစ်၍ MPRL E&P ၏ လူသားချင်းစာနာမှု အကူအညီများနှင့် ရေရှည်ပညာရေးအတွက် ပံ့ပိုးခြင်းသည် အရေးပေါ် ကာလလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရုံသာမက နိုင်ငံ့အနာဂတ်အတွက် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ချိန်ညှိလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးကဏ္ဍတွင် ဘက်စုံပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလျက်ရှိသည်။ ■

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) ၏ တာဝန်ရှိသူများ မန်းရေနံမြေရှိ လူမှုတာဝန်သိလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

MPRL E&P (CSR အစီအစဉ်) သည် မိမိတို့ဆောင်ရွက်လျက်ရှိသည့် လူမှုတာဝန်သိ CSR လုပ်ငန်းများကို ဒေသခံများအပါအဝင် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးတစ်ရပ်ထူထောင်၍ လုပ်ငန်းများကို အရှိန်မပြတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် MPRL E&P အနေဖြင့် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) (Environmental Conservation Department-ECD) သို့ ခြောက်လတစ်ကြိမ် တင်ပြလျက်ရှိရာ အဆိုပါအစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate) ပါ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေပြင်အခြေအနေများကို အကဲဖြတ်ဆန်းစစ်နိုင်ရန် ၂၀၂၅ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ECD (မကွေး) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီစိုးမင်း ဦးဆောင်၍ မန်းရေနံမြေသို့ လာရောက်ကွင်းဆင်းလေ့လာအကဲဖြတ်ခဲ့သည်။ အဆိုပါ














ကွင်းဆင်းလေ့လာမှုတွင် MPRL E&P ကုမ္ပဏီအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစီအမံများနှင့် လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်ချက်များကို အကဲဖြတ်ဆန်းစစ်ခဲ့သည်။

MPRL E&P (CSR အစီအစဉ်) အနေဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရေနံမြေ CSR ဝန်ထမ်းများက ၂၀၂၅ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ရုံး၌ သွားရောက်ရှင်းလင်းတင်ပြခဲ့သည်။ အစည်းအဝေးတွင် ECD (မကွေး)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ)၊ MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့နှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၁၃) ဦး တက်ရောက်ခဲ့သည်။

ထို့ပြင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များအနက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးလျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများနှင့် ကြာကန်ကျေးရွာရှိ ဆိုလာစွမ်းအင်သုံးရေတင်စနစ်ရှိရာနေရာများသို့ ECD မှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး၍ အကဲဖြတ်လေ့လာနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက စီစဉ်ပံ့ပိုးခဲ့ပြီး ၎င်းတို့သိရှိလိုသည်များကို CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ■



# အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်းအမှတ်စဉ် (၁၃) သို့ တက်ရောက်နိုင်ရန် မန်းရေနံမြေဒေသခံလူငယ်များအတွက် MPRL E&P ပညာသင်ဆုများပံ့ပိုး



၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနလက်အောက်ရှိ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်းအမှတ်စဉ် (၁၃) သို့ တက်ရောက်နိုင်ရန် မန်းရေနံမြေဒေသခံလူငယ် (၁၅) ဦးက သင်တန်းဝင်ခွင့်စာမေးပွဲများ ဝင်ရောက်ဖြေဆိုခဲ့သည်။ အဆိုပါသင်တန်းသားများအနေဖြင့် ကျောင်းတည်ရှိရာ မကွေးမြို့တွင် ဝင်ခွင့်စာမေးပွဲ သွားရောက်ဖြေဆိုနိုင်ရန် ကျောင်းသားအကြိုအပို့နှင့် လိုအပ်သည်များကို CSR အစီအစဉ်ဖြင့်ပံ့ပိုးခဲ့သည်။

“အရင်က ဒီလိုပညာသင်ဆုမရခဲ့ရင် အပြင်မှာအလုပ်ထွက်လုပ်တော့မယ်လို့ တွေးခဲ့ပါတယ်။ အခု ကျောင်းဆက်တက်ရပြီး ဝါသနာပါတာကို လေ့လာခွင့်ရတာမို့ အရမ်းဝမ်းသာမိပါတယ်။ ကျွန်တော့်ဘဝအတွက် အာမခံချက်တစ်ခုရှိပြီလို့လည်း ထင်ပါတယ်။ ကျွန်တော်တို့ မန်းရေနံမြေထဲက အေးမြကျေးရွာကနေ ဒီလိုပညာသင်ဆုနဲ့ ကျောင်းပြီးခဲ့ပြီး အခုဆို ဂျပန်နိုင်ငံမှာ အလုပ်လုပ်နေတဲ့သူ ရှိပါတယ်။ အရင်နှစ်တွေက ဒီစက်မှုသင်တန်းကျောင်းအတွက် MPRL E&P ပညာသင်ဆုက (၅) ယောက်ကိုပဲ ပေးရာကနေ အခု (၇) ယောက်အထိ တိုးပေးခဲ့တော့ တော်တော်လေးကောင်းပါတယ်။ ကျွန်တော်တို့လူငယ်တွေရဲ့ အနာဂတ်အိပ်မက်တွေကို ဖြည့်ဆည်းပေးတဲ့အတွက် အရမ်းအကျိုးရှိပြီး MPRL E&P ကို ကျေးဇူးအထူးတင်ပါတယ်” ဟု ပညာသင်ဆုရရှိခဲ့သည့် အေးမြကျေးရွာနေ မောင်မင်းထက်ပိုက ဆိုသည်။





အဆိုပါစက်မှုသင်တန်းကျောင်းသို့ တက်ရောက်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် နှစ်စဉ် လူငယ် (၅) ဦးစာအတွက် ပညာသင်ဆုထောက်ပံ့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် လူငယ်စုစုပေါင်း (၈) ဦးအတွက် ပညာသင်ဆုများကို တိုးမြှင့်ပံ့ပိုးလျက်ရှိသည်။ အဆိုပါ သင်တန်းသား (၈) ဦးအနက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ဝန်ထမ်းမိသားစုဝင် သင်တန်းသား (၁) ဦးအတွက် ပညာသင်ဆုကို MOGE ဝန်ထမ်း ဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအစီအစဉ်ဖြင့် ပံ့ပိုးလျက်ရှိသည်။

**MPRL E&P (CSR အစီအစဉ်) ၏ ပညာသင်ဆုဖြင့် စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်းတက်ရောက်ခွင့် ရရှိသည့် မန်းရေနံမြေဒေသခံလူငယ်စာရင်း**

| စဉ် | အမည် | ကျေးရွာ |
|---|---|---|
| ၁။ | မောင်လင်းခန့်အောင် | အေးမြ |
| ၂။ | မောင်မင်းထက်ပို | အေးမြ |
| ၃။ | မောင်လင်းပြည့်ဟိန်း | မယ်ဘော့ကုန်း |
| ၄။ | မောင်စိုင်းနဒီ | မန်းကျိုး |
| ၅။ | မအိချောပြည့် | မန်းကျိုး |
| ၆။ | မသိန်းသန္တာကျော် | အောက်ကျောင်း |
| ၇။ | မခိုင်မာဝေ | ရွာသာ |
| ၈။ | မောင်ထက်ဝေယံ | မယ်ဘော့ကုန်း |

စက်မှုသင်တန်းတက်ရောက်ကြမည့် သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းဆိုင်ရာဆက်စပ်ပစ္စည်းများ၊ လစဉ်ပညာသင်ဆုထောက်ပံ့ကြေးများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ကနဦးပံ့ပိုးခဲ့ပြီး အဆိုပါသင်တန်းသားများ၏ သင်တန်းတက်ရောက်မှုအခြေအနေများကို သက်ဆိုင်ရာကျောင်းတာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဆက်သွယ်ဆောင်ရွက်၍ လိုအပ်သည်များကို အနီးကပ်ပံ့ပိုးထောက်ပံ့သွားမည်ဖြစ်သည်။

MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုချီးမြှင့်မှုအစီအစဉ်ကို ၂၀၁၉ ခုနှစ်ကတည်းက စတင်ခဲ့ပြီး အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ)နှင့် ဆေးတက္ကသိုလ် (မကွေး) တို့တွင် တက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများအပါအဝင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာသင်ဆုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆက်လက်ပံ့ပိုးသွားမည်ဖြစ်သည်။ ■



# မြေငလျင်ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် MPRL E&P ကုမ္ပဏီများအုပ်စု၏ ကြိုးပမ်းဆောင်ရွက်မှုအစီရင်ခံစာထုတ်ဝေ၊ လုပ်ငန်းအစီရင်ခံစာ၊ စာစောင်များ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ အချိန်မှန်ဖြန့်ချိ

မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းနှင့်မန္တလေးမြို့များကို ဗဟိုပြု၍ ပြင်းအား (၇.၇) အဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခုသည် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် လှုပ်ခတ်ခဲ့ရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများအနက်တစ်ခုဖြစ်သည့် နေပြည်တော်သို့ MPRL E&P ကုမ္ပဏီများအုပ်စု၏ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့(Earthquake Relief Team - ERT) ကို မတ်လ (၂၉) ရက်နေ့တွင် ဖွဲ့စည်းစေလွှတ်ခဲ့သည်။ ယင်းနောက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာအထောက်အပံ့များကို စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှ ဧပြီလ (၉) အထိ တဆက်တည်းရက်ပေါင်း (၁၂) အတွင်း နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ငလျင်ဒဏ်သင့်မိသားစုများထံသို့ လျှင်မြန်စွာဖြန့်ခွဲပံ့ပိုးခဲ့သည်။ ယင်းသို့ ကုမ္ပဏီများအုပ်စု၏ ERT အဖွဲ့အနေဖြင့် ငလျင်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်နှင့်တပြေးညီ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အခြေအနေနှင့် အချက်အလက်များ၊ ဓာတ်ပုံများကိုစုစည်း၍ "ငလျင်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ကုမ္ပဏီများအုပ်စု၏ ကြိုးပမ်းဆောင်ရွက်မှုအစီရင်ခံစာ" ကို MPRL E&P ၏ CSR & Communications Department က ၂၀၂၅ ခုနှစ်၊ မေလနှင့် ဇွန်လတို့အတွင်း ပြုစုခဲ့သည်။ အဆိုပါ အစီရင်ခံစာကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်ရေးသားကာ သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့အစီရင်ခံတင်ပြသွားမည်ဖြစ်ပြီး ကုမ္ပဏီများအုပ်စု၏ အင်တာနက်စာမျက်နှာများတွင်ပါ အများပြည်သူဖတ်ရှုနိုင်ရန် အစီရင်ခံတင်ပြသွားမည်ဖြစ်သည်။



တို့မန်းမြေ သတင်းလွှာ အမှတ် (၁၇) ထုတ်ဝေဖြန့်ချိခြင်း




Insight! သတင်းလွှာ အမှတ် (၄၃) ထုတ်ဝေဖြန့်ချိခြင်း

ထို့ပြင် MPRL E&P သည် သတ်မှတ်ဘဏ္ဍာရေးနှစ်များအတွင်း အပတ်စဉ်၊ လစဉ်၊ သုံးလပတ်နှင့် ခြောက်လပတ် အစီရင်ခံစာများကို ပုံမှန်ရေးသားထုတ်ဝေလျက်ရှိပြီး ၂၀၂၅ -၂၀၂၆ ဘဏ္ဍာ ရေးနှစ်၊ ပထမသုံးလပတ်အတွင်း လစဉ်၊ သုံးလပတ်အစီရင်ခံစာများ၊ သုံးလတစ်ကြိမ် ထုတ်ဝေသည့် Insight! နှင့် တို့မန်းမြေစာစောင်များကို မန်းရေနံမြေရှိ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ CSR လုပ်ငန်းအဖွဲ့ဝင်များက ပေးပို့အစီရင်ခံတင်ပြလျက်ရှိသည်။ ■



## မန်းရေနံမြေ ဒေသခံများ၏ အကြံပြုစာ (၁၈၉) စောင်အတွက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်

ဒေသခံတစ်ဦးချင်းနှင့် ဒေသခံလူထုအတွက် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် လုပ်ငန်းစဉ်ဖြစ်သည့် (အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်-Operational Grievance Mechanism) အရ မန်းရေနံမြေတွင် ၂၀၂၅ ခုနှစ်၊ ဧပြီနှင့် မေလတို့အတွင်း မန်းရေနံမြေ ထိစပ်ကျေးရွာများမှ အကြံပြုစာ (၂) စောင် တင်ပြခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် မေလအထိ ပေးပို့လာသော အကြံပြုစာအရေအတွက် စုစုပေါင်း (၁၈၉) စောင်ရှိသည်။ တင်ပြလာသည့်အကြံပြုစာများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်းများနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် လုပ်ငန်းစဉ်အပေါ်ကျေနပ်မှု (၁၀၀) ရာခိုင်နှုန်းနှင့် ဖြေရှင်းမှုရလဒ်အပေါ် ဒေသခံများ၏ ကျေနပ်မှု (၉၈) ရာခိုင်နှုန်း ရရှိထားပြီးဖြစ်သည်။

MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာသုံးလပတ်အစီရင်ခံစာကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သုံးလတစ်ကြိမ်ပြုစု၍ ကုမ္ပဏီဝက်ဆိုဒ်တွင် အများသူငှာလေ့လာနိုင်ရန် အစီရင်ခံတင်ပြလျက်ရှိသည်။ ■






အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း (၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ မေလအထိ)

# ပလတ်စတစ် ယဉ်ကျေးမှု၊ ပလတ်စတစ်အမှိုက်များနှင့်

# ကျွန်တော်တို့ ကမ္ဘာမြေ

ကျွန်တော်တို့ နေ့စဉ်သုံးစွဲလျက်ရှိသည့် ပစ္စည်းများတွင် ပလတ်စတစ်နှင့်ပြုလုပ်ထားသည့်အရာများ ဥပမာ - သောက်ရေသန့်ဘူး ကစ၍ ထည့်စရာ အိတ်များအထိ ပါဝင်နေသည်ကို လက်ညှိုးထိုးမလွဲတွေ့ရှိနိုင်ပါသည်။ သို့ဆိုလျှင် ပလတ်စတစ်ကို ဘယ်အရာများနှင့်ပြုလုပ်ထားသနည်းဟု အမေးရှိလာပါမည်။ ပလတ်စတစ်ကို ပိုလီမာဟုခေါ်သော ဓာတုပစ္စည်းများနှင့်ပေါင်းစပ်ပြုလုပ်ထားပြီး ရေနံထွက်ပစ္စည်းတစ်ခုလည်း ဖြစ်ပါသည်။

ပလတ်စတစ်ကို လူသုံးများ အကြိုက်တွေ့လာရသည်မှာလည်း အကြောင်းများစွာရှိသည်။ ပေါ့ပါးခြင်း၊ အလွယ်တကူအသုံးပြုနိုင်ခြင်း၊ ကြာရှည်ခံခြင်း၊ ဈေးနှုန်းချိုသာခြင်း အစရှိသည်တို့အပြင် နည်းပညာတိုးတက်လာမှုအရ လူသုံးကုန်ပစ္စည်းအတော်များများကို ပလတ်စတစ်နှင့် ပြုလုပ်လာကြပြီး ခေတ်ပေါ်လူနေထိုင်မှုပုံစံအဖြစ်လည်း အရေးပါနေခြင်းကြောင့် ဖြစ်ပါသည်။

သို့သော် ပလတ်စတစ်၏ ကြာရှည်ခံသည့် ဂုဏ်သတ္တိတစ်ခုဖြစ်သည့် အလွယ်တကူပျက်စီးဆွေးမြေ့မှုမရှိခြင်းသည် ပြင်းထန်ဆိုးရွားသောပြဿနာများ ဆင့်ကဲဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကျိန်စာတစ်ခုသဖွယ်လည်းဖြစ်နေပါသည်။

ပလတ်စတစ်သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းမှ ဆင့်ကဲပေါ်ပေါက်လာသည့် လူများကပြုလုပ်ထားသည့် လူလုပ်ပစ္စည်းတစ်ခုဖြစ်ပါသည်။ ပလတ်စတစ်ကို စတင်တီထွင်အသုံးပြုလာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ရှိလာပြီဖြစ်ပြီး လက်ရှိကာလတွင် ထုပ်ပိုးပစ္စည်းများ၊ ကလေးကစားစရာ အရုပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများမှသည် အခြားကဏ္ဍများစွာတို့၌ ပလတ်စတစ်ပါဝင်အသုံးပြုထားသည်ကို တွေ့မြင်နိုင်ပါသည်။ လွန်စွာအသုံးတည့်လှသောကြောင့် ပလတ်စတစ်များကို တစ်ခါသုံးပစ္စည်းများအဖြစ် ဥပမာ အအေးသောက်ပိုက်၊ သကြားလုံးအခွံ စသည့် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြသည်။ ဝမ်းနည်းစရာမှာ အဆိုပါ ပလတ်စတစ်ပစ္စည်းများသည် နှစ်ပေါင်းရာချီသည့်တိုင် အစိတ်အပိုင်းလေးများအဖြစ် ပျက်ယွင်းသွားကြရုံမှလွဲ၍ လုံးဝဆွေးမြေ့ပျက်စီးသွားခြင်းမရှိသည့်အချက် ဖြစ်ပါသည်။

**ပလတ်စတစ်ပြဿနာများ**

**(က)** ပလတ်စတစ်သည် ၄က်ပျောခွံ၊ စက္ကူ စသည်တို့ကဲ့သို့ သဘာဝအလျောက် ပျက်စီးဆွေးမြေ့သွားနိုင်ခြင်းမရှိသည့်အမှိုက်ဖြစ်သည်ကို အမှိုက်စွန့်ပစ်ကန်များနှင့် ပင်လယ်သမုဒ္ဒရာများတွင် နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် ဆွေးမြေ့ပျက်စီးခြင်းမရှိသေးသော ပလတ်စတစ်ရေသန့်ဘူးခွံများကို ကြည့်ခြင်းအားဖြင့် အလွယ်တကူသိရှိနိုင်ပါသည်။

**(ခ)** ပလတ်စတစ်အမှိုက်ကို မီးရှို့ရာမှ ထွက်ရှိလာသည့် အဆိပ်ဓာတ်ငွေ့များက ပတ်ဝန်းကျင်သို့ လေနှင့်အတူ မိုင်ပေါင်းများစွာ မျောလွင့်သွားပြီး ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများ၏ ကျန်းမာရေးကို ပိုမိုဆိုးရွားစွာ ထိခိုက်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကင်ဆာအပါအဝင် အခြားရောဂါများကို ထပ်ဆင့်ဖြစ်ပွားစေသည့်အပြင် လူတို့စိုက်ပျိုးထားသောသီးနှံများကို ထိခိုက်စေပြီး သီးနှံအထွက်နှုန်းကိုလည်း ကျဆင်းစေပါသည်။

**(ဂ)** လူတို့နေထိုင်ရာမြို့ရွာများတွင် စုပြုံနေသည့် ပလတ်စတစ်အမှိုက်များကို အလွယ်တကူမြင်တွေ့နိုင်ပြီး ရောဂါပိုးကူးစက်စေသည့် ပိုးမွှားတိရစ္ဆာန်များ ပိုမိုပေါက်ပွားကာ ရောဂါဘယများတိုးပွားစေခြင်း၊ မြေကြီးတွင်းသို့ ဓာတုအဆိပ်များစိမ့်ဝင်သွားပြီး မြေအောက်ရေနှင့် သောက်သုံးရေကို ထိခိုက်စေခြင်း၊ စိုက်ပျိုးထားသည့်အပင်များ၏ ကြီးထွားမှုနှင့် အမြစ်တိုးဝင်မှုတို့ကို ပလတ်စတစ်များက တားမြစ်ခြင်း၊ တိရစ္ဆာန်များက ပလတ်စတစ်ကို အစာအဖြစ် မှားယွင်းစားသုံးမိသောကြောင့် အသက်သေဆုံးသည်အထိ အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း စသည့်သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**(ဃ)** ကျွန်တော်တို့ စွန့်ပစ်လိုက်သော ပလတ်စတစ်အများစုသည် နောက်ဆုံး ပင်လယ်သမုဒ္ဒရာများတွင် စုပြုံရောက်ရှိသွားပြီး ရေနေသတ္တဝါများ အထူးသဖြင့် ပင်လယ်လိပ်များက အစာဟုထင်မှတ်စားသုံးခြင်း၊ ၎င်းတို့ကိုယ်ခန္ဓာတွင် တုပ်ချည်မိပြီး အသက်သေဆုံးနိုင်ခြင်း အစရှိသည်တို့ ဖြစ်ပေါ်စေနိုင်ပါသည်။ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် (၈) သန်းခန့်သည် ပင်လယ်သမုဒ္ဒရာများတွင်းသို့ ရောက်ရှိစုပုံလျက်ရှိနေကြောင်း လေ့လာတွေ့ရှိချက်များအရသိရှိရပြီး ၂၀၅၀ ခုနှစ် အရောက်တွင် ပင်လယ်အတွင်း၌ ငါးအရေအတွက်ထက် ပလတ်စတစ်အရေအတွက်က ပိုများလာနိုင်ကြောင်း ပညာရှင်တို့ ခန့်မှန်းထားပါသည်။

**ပလတ်စတစ်အမှိုက်လျှော့ချရေးတွင် မိမိတို့ပါဝင်ကူညီနိုင်သောနည်းလမ်းများ**

**(က)** တစ်ခါသုံးပစ္စည်းများကို သုံးစွဲရန် ငြင်းဆန်ခြင်း (ဥပမာ - ပြန်လည်အသုံးပြုနိုင်သောအိတ်များ၊ ပြန်လည်လျှော်ဖွတ်အသုံးပြုနိုင်သည့် အဝတ်အိတ်များ အသုံးပြုခြင်း၊ အအေးစုပ်ပိုက်များ အသုံးမပြုခြင်းဖြင့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချနိုင်ပါသည်။)

**(ခ)** ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်း၊ (ပလတ်စတစ်အစား သဘာဝထွက်ပစ္စည်းများကို အစားထိုးအသုံးလျှော့ချနိုင်သည်။ ဥပမာ - ပလတ်စတစ်ခြင်းတောင်းများအစား ကြိမ်ခြင်း၊ ဝါးခြင်း စသဖြင့် အစားထိုးသုံးနိုင်ပါသည်။)

**(ဂ)** အသုံးပြုပြီး ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းနှင့် ပစ္စည်းအမယ်သစ် တစ်ဖန်ပြန်လည်ပြုလုပ်အသုံးပြုခြင်း။ ( ဥပမာ - ရေသန့်ပုံးနှင့် သုတ်ဆေးပုံးများကို အခြားပစ္စည်းထည့်စရာအဖြစ် ပြောင်းလဲအသုံးပြုခြင်းနှင့် အပင်စိုက်ရန် ပန်းအိုးပြုလုပ်ခြင်း)

**(ဃ)** ပလတ်စတစ်ကို ပြန်လည်အသုံးပြုနိုင်သောနေရာသို့ ပြန်လည်ပေးပို့ခြင်း၊ (ဥပမာ - ကော်စေ့ပြုလုပ်ခြင်း၊ ယင်းကော်စေ့ဖြင့် အခြားလူသုံးပစ္စည်းများပြန်လည်ပြုလုပ်ခြင်း)

**(င)** အန္တရာယ်ကင်းစွာစွန့်ပစ်ခြင်း၊ (ဥပမာ - သဘာဝအလျောက် ဆွေးမြေ့ပျက်စီးနိုင်သော အော်ဂဲနစ်အမှိုက်များကို ပလတ်စတစ်နှင့် ခွဲထုတ်စွန့်ပစ်ခြင်း၊ ပလတ်စတစ်အမှိုက်ကို မည်သည့်အခါမျှ မီးမရှို့ခြင်း)

**(စ)** သဘာဝနှင့်လိုက်လျောညီထွေရှိသောပစ္စည်းများကို ပြောင်းလဲအသုံးပြုခြင်း၊ (ဥပမာ - ဝါး၊ သစ်ရွက် အစရှိသည်တို့နှင့်ပြုလုပ်သော ထုပ်ပိုးပစ္စည်းများ အသုံးပြုပြန်လည်အသုံးပြုနိုင်သည့် လက်မှုပစ္စည်းများပြုလုပ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် တိုက်တွန်းအားပေးခြင်း)

**(ဆ)** မြစ်ချောင်းများ၊ သစ်တောများ၊ ကျေးရွာရပ်ကွက်များတွင် ပလတ်စတစ်အမှိုက် ကောက်ယူရှင်းလင်းဖယ်ရှားခြင်းကို စုပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် မှတ်သားမိသည့် အဆိုတစ်ခုအရ ကျွန်တော်တို့ နေထိုင်ရှင်သန်လျက်ရှိသည့် ဤကမ္ဘာမြေသည် ဘိုးဘွားများထံမှ အမွေရရှိထားခြင်းမဟုတ်ဘဲ ကျွန်တော်တို့၏ သားမြေးမြစ်များထံမှ ခေတ္တချေးငှားအသုံးပြုခြင်းသာဖြစ်၍ ပျက်စီးယိုယွင်းမှုအနည်းဆုံးဖြင့် ဤကမ္ဘာမြေကြီးကို နောက်မျိုးဆက်ထံ လက်ဆင့်ကမ်း ချန်ထားခဲ့နိုင်ရန် များစွာအရေးကြီးပါကြောင်း။ ■

# “၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” အထိမ်းအမှတ် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်



၂၀၂၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကျရောက်သည့် “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” အထိမ်းအမှတ်အဖြစ် MPRL E&P ၏ CSR အစီအစဉ်သည် “ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး” (Ending Plastic Pollution Globally) ဟူသည့် ဆောင်ပုဒ်အတိုင်း ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို ထိရောက်စွာလျှော့ချနိုင်ရေးအတွက် လူထုအခြေပြုအသိပညာပေးလှုပ်ရှားမှုအစီအစဉ်များကို မန်းရေနံမြေဒေသ၌ ကျင်းပပြုလုပ်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၇) ရက်နှင့် (၈) ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သော နှစ်ရက်တာ အသိပညာပေးလှုပ်ရှားမှုများတွင် MPRL E&P ၏ CSR ဝန်ထမ်းများ၊ Trash Hero Minbu အမှိုက်ကောက်သူရဲကောင်းအဖွဲ့ဝင်များ၊ နွေရာသီပန်းချီသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ၊ ဒေသခံလူငယ်များနှင့် ဒေသခံစေတနာ့ဝန်ထမ်းများအပါအဝင် စုစုပေါင်း (၂၁၄) ဦး ပူးပေါင်းပါဝင်ခဲ့ကြသည်။ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲစကားဝိုင်း အစီအစဉ်များနှင့် ပလတ်စတစ်ပစ္စည်းများကို ပြန်လည်တီထွင်ဆန်းသစ်သည့် အစီအစဉ်များ ကျင်းပပြုလုပ်၍ ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုပြဿနာ ဖြေရှင်းနည်းများကို အသိပညာပေးခဲ့သည်။









ပထမဆုံးလှုပ်ရှားမှုကို  ဇွန်လ (၇) ရက်နေ့တွင် မန်းကျိုးကျေးရွာ၌ကျင်းပခဲ့ပြီး MPRL E&P ၏ CSR ဝန်ထမ်းများ၊ Trash Hero  Minbu အဖွဲ့ဝင်များ၊ ဒေသခံ စေတနာ့ဝန်ထမ်းများနှင့် နွေရာသီပန်းချီသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအပါအဝင် စုစုပေါင်း (၅၂) ဦးပါဝင်ခဲ့ကြသည်။ ထို့ပြင် ဇွန်လ(၈) ရက်နေ့တွင် အောက်ကျောင်းဘုရားနှင့် အေးမြဓမ္မာရုံတို့၌ ကျင်းပပြုလုပ်ခဲ့ရာ မနက်ပိုင်းတွင် စုစုပေါင်း ဒေသခံ (၁၁၂) ဦး တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် စုစုပေါင်းဒေသခံ (၅၀) ဦး တက်ရောက်ခဲ့ကြသည်။

CSR အစီအစဉ်က ဦးစီးဆောင်ရွက်သော “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” အထိမ်းအမှတ် အခမ်းအနားသည် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အသိပညာများကို မျှဝေရုံသာမက ကျေးရွာအချင်းချင်း ပိုမိုခင်မင်ရင်းနှီး၍ ပူးပေါင်းဆောင်ရွက်ကြသည့် အကျိုးကျေးဇူးများကိုပါ ဖော်ဆောင်နိုင်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင် တက်ရောက်ပါဝင်သူများက ပလတ်စတစ်အမှိုက် ညစ်ညမ်းမှု အဆုံးသတ်ရေးဆိုင်ရာ စိတ်ကူးစိတ်သန်းမျှဝေခြင်း၊ လက်တွေ့ကျသော ဖြေရှင်းနည်းများ ဆွေးနွေးခြင်းနှင့် နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးသင့်သည့် အလေ့အကျင့်ကောင်းများကို လုပ်ဆောင်ရန် ကတိပြုခြင်းများဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့သည်။ MPRL E&P ၏ CSR အစီအစဉ်သည် ပလတ်စတစ်သုံးစွဲမှုလျှော့ချရာတွင် မန်းရေနံမြေဒေသခံများအနက် ကလေးငယ်များကို စံနမူနာပြဆောင်ရွက်ရန် တိုက်တွန်းအားပေးလျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ ■







ကျောဖုံးမှ အဆက် ➤







**နွေရာသီတွင် ပန်းချီသင်**

အလားတူ နွေရာသီကာလအတွင်း မန်းရေနံမြေကျောင်းသားလူငယ်များအတွက် အခြေခံပန်းချီသင်တန်းကို ကြာကန်ကျေးရွာနှင့် အဆင့်မြင့်ပန်းချီသင်တန်းကို မန်းကျိုးကျေးရွာတို့တွင်ဖွင့်လှစ်ခဲ့ရာ အခြေခံပန်းချီသင်တန်းသို့ သင်တန်းသား (၂၂) ဦးနှင့် အဆင့်မြင့်ပန်းချီသင်တန်းသို့ သင်တန်းသား (၁၇) ဦး တက်ရောက်ခဲ့သည်။ သင်တန်းတွင်ဒေသခံပန်းချီဆရာ ဦးမြင့်လှိုင်မင်း (ပန်းချီကိုမင်း-စကု)နှင့် ဆရာဦးအောင်မောင်း (အေးမြကျေးရွာ) တို့က အခြေခံနှင့်အဆင့်မြင့်ပန်းချီရေးဆွဲနည်းများကို လေ့ကျင့်ခန်းများဖြင့် သင်ကြားပို့ချခဲ့သည်။ ပန်းချီသင်တန်းများအတွက်လိုအပ်သည့် သင်တန်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှု၊ သင်တန်းဆရာပံ့ပိုးမှုနှင့် သင်ထောက်ကူပစ္စည်းများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့သည်။ အဆိုပါ ပန်းချီသင်တန်းကို ဧပြီလ (၂၂) ရက်နေ့မှ မေလ (၂၃) ရက်နေ့အထိ အပတ်စဉ်ဖွင့်လှစ်ပို့ချခဲ့သည်။

**လှုပ်ရှားသက်ဝင် သင်ကြားရေးဝန်းကျင်**

ထို့ပြင် နွေရာသီတွင်ပညာရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာ အတန်းအလိုက်သင်ရိုးများကို ကြိုတင်သင်ယူလေ့လာနိုင်ရန် ယခုနှစ်တွင် စတုတ္ထတန်းကျောင်းသားကျောင်းသူများအတွက် ကနဦးစတင် စမ်းသပ်ဖွင့်လှစ်သည့်အနေဖြင့် သုခမိန်နွေရာသီသင်တန်းကျောင်းကိုဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားကျောင်းသား မိခင်ဖြစ်သူ ဒေါ်အိအိချိုက "သုခမိန်နွေရာသီသင်တန်းကျောင်းမှာတက်တော့ အတန်းစာလိုက်နိုင်လာပြီး ကလေးတွေက အရင်ထက် ပိုသွက်လာကြပါတယ်။ ကျွန်မတို့မိဘတွေက အကြိုအပို့နဲ့ အိမ်မှာစာလုပ်၊ မလုပ်ကြည့်ပေးပြီး ထိန်းကျောင်းရတာတစ်ခုပါပဲ။ မိဘအနေနဲ့ ကလေးတွေကို ပညာရေးဘက်မှာ ထူးချွန်စေချင်ပါတယ်။ ဒါကြောင့်လည်း CSR အစီအစဉ်ကဖွင့်တဲ့ သင်တန်းတွေကို ထားဖြစ်တယ်။ အွန်လိုင်းအင်္ဂလိပ်စာသင်တန်းမှာလည်း ကျွန်မကလေးနှစ်ယောက်လုံးတက်နေပါတယ်။ ကလေးတွေ အားလုံးအတွက် သင့်လျော်တဲ့ တခြားသင်တန်းတွေထပ်ဖွင့်ရင်လည်း တက်နိုင်ဖို့ မိဘအနေနဲ့ ပူးပေါင်းပါဝင်မှာပါ" ဟု ဆိုသည်။

အဆိုပါ သင်တန်းတွင် ကျောင်းသင်ခန်းစာများကို ကြိုတင်လေ့ကျင့်သင်ကြားနိုင်ရန် သုခမိန်ပညာရေးအက်ပ်ကို အသုံးပြု၍ပို့ချခြင်းဖြစ်ပြီး ယခုနှစ်နွေရာသီသင်တန်းတွင် စတုတ္ထတန်းကျောင်းသား (၂၃) ဦး တက်ရောက်ခဲ့သည်။









"သင်တန်းမှာက သုခမိန်ပညာရေးအက်ပ်ထဲက စတုတ္ထတန်းအင်္ဂလိပ်စာနဲ့ သင်္ချာသင်ခန်းစာတွေကို အဓိကထားပြီးသင်ပေးတာပါ။ ဒီသင်တန်းမှာ ပျိုးထောင်လေ့ကျင့်ထားတဲ့ ပညာရေးအထောက်အကူပြုဝန်ထမ်းတွေက ပရိုဂျက်တာနဲ့ သင်ခန်းစာတွေ ပို့ချပေးခဲ့ပြီး အိမ်စာတွေ၊ လေ့ကျင့်ခန်းတွေဆိုရင်လည်းလိုအပ်သလို လမ်းညွှန်ရှင်းပြပေးပါတယ်။ အင်တာနက်မရတဲ့အချိန်မှာပါ သင်ခန်းစာတွေကို ကလေးတွေအနေနဲ့ လွယ်လွယ်ကူကူနဲ့ အဆက်မပြတ်ဘဲ တက်တက်ကြွကြွသင်ယူနိုင်တာမို့ ပိုပြီးတိုးတက်လာမှာပါ" ဟု Junior CSR Officer နော်မေပုလဲထူးက ရှင်းပြသည်။

အတန်းအလိုက်သင်ယူနိုင်မည့် သင်ခန်းစာများအတွက် အထောက်အကူပြုသည့် သုခမိန်ပညာရေးအက်ပ်အသုံးပြုသင်ကြားမှုကို ပုဂ္ဂလိကနှင့် နိုင်ငံတကာပညာသင်ကျောင်းများတွင်ပါ အသုံးပြုလာကြသည်။ ထို့ပြင် ပြဋ္ဌာန်းစာအုပ်ကို အထူးပြုကိုးကားသင်ကြားရန်မလိုဘဲ ကျောင်းသားများအတွက် ပညာရေးဝန်ကြီးဌာန၏ သင်ရိုးကိုအခြေခံထားသည့် သက်ဝင်လှုပ်ရှားဗွီဒီယိုများ၊ လေ့ကျင့်ခန်းများဖြင့် လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်သည်။ ယင်းသို့ တိုးတက်ပြောင်းလဲသင်ကြားမှုများဖြင့် ကျောင်းသားများ စိတ်ပါဝင်စားစွာ ပိုမိုသင်ယူနိုင်မည်ဖြစ်ပြီး ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**နွေရာသီသင်တန်းများအတွက် သင်တန်းဆင်းဂုဏ်ပြုပွဲ**

အဆိုပါသင်တန်းများ ပြီးစီးသည့်အထိမ်းအမှတ်အနေဖြင့် သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် အောက်ကျောင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းမှူးများ၊ သင်တန်းသားများ၊ သင်တန်းသားမိဘများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၁၁၈) ဦး တက်ရောက်ခဲ့ပြီး ပန်းချီသင်တန်းဆင်း သင်တန်းသားကလေးငယ်များ၏ ရေးဆွဲထားသည့် ပန်းချီလက်ရာများကိုပါ ခင်းကျင်းပြသခဲ့သည်။

အခမ်းအနားတွင် အခြေခံကွန်ပျူတာသင်တန်းအတွက် သင်တန်းဆင်းလက်မှတ်များကို သင်တန်းတက်ရောက်ပြီးစီးသည့် သင်တန်းသား (၁၅) ဦးအတွက် MCC Training Center (မင်းဘူး) ၏ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီး ထူးချွန်သင်တန်းသားများကိုပါ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။ ထို့ပြင် MPRL E&P (CSR အစီအစဉ်) ဖြင့် သုခမိန်နွေရာသီသင်တန်းကျောင်းသို့ တက်ရောက်ခဲ့သည့် စတုတ္ထတန်းကျောင်းသားကျောင်းသူ (၂၃) ဦးအနက် ထူးချွန်ဆုရရှိသည့် (၃) ဦးကို ဂုဏ်ပြုဆုများလည်းချီးမြှင့်ခဲ့သည်။ အလားတူ အခြေခံပန်းချီသင်တန်းဆင်း ကလေးငယ်များအနေဖြင့် ပန်းချီဆက်လက်လေ့ကျင့်ရေးဆွဲနိုင်ရန် ပုံဆွဲစာအုပ်နှင့် ခဲတံတို့ကိုလည်းကောင်း၊ အဆင့်မြင့်ပန်းချီသင်တန်းသားလူငယ်များအတွက် ရေဆေးပန်းချီ ရေးဆွဲနိုင်မည့် သင်ထောက်ကူပစ္စည်းအချို့ကိုလည်း MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့သည်။







သင်တန်းပို့ချခဲ့မှုများနှင့်စပ်လျဉ်း၍ CSR လုပ်ငန်းအဖွဲ့ဝင် ဦးစောခရစ်တိုဖာက "နွေရာသီ သုခမိန်သင်တန်းမှာ ကလေးတွေက သင်ခန်းစာတွေကို ကောင်းကောင်းလိုက်နိုင်ပြီး မှတ်မိတာကိုတွေ့ရပါတယ်။ ကလေးတွေအနေနဲ့ video clip တွေနဲ့သင်ရတာကြောင့် အင်္ဂလိပ်စာအသံထွက်ကို အထောက်အကူဖြစ်တာတွေ့ရပါတယ်။ သင်ရတာက သင်ရိုးကိုပဲသင်ရပေမယ့် သင်ကြားရေးပုံစံအသစ်နဲ့ ထိတွေ့ခွင့်ရတာမို့ သင်ယူရေးလမ်းကြောင်းသစ်အတွက် အထောက်အပံ့ဖြစ်မှာပါ။ အစပိုင်းမှာ အသားမကျသေးပေမယ့် နောက်ပိုင်း video နဲ့သင်တဲ့စနစ်ကို စိတ်ဝင်တစားသင်ကြတာ တွေ့ရပါတယ်။ ပထမဆုံးဖွင့်တဲ့ ကွန်ပျူတာအခြေခံသင်တန်းဆိုရင် လူငယ်တွေအများကြီး လာလျှောက်ကြပေမယ့် သင်တန်းသား (၁၅) ဦးနဲ့ ကျွန်တော်တို့ စပြီးဖွင့်ခဲ့တာပါ။ သင်တန်းသားတွေအကုန်လုံးက သင်တန်းပျက်ရက်မရှိဘဲ စိတ်ဝင်တစားသင်ခဲ့ကြပါတယ်" ဟု ရှင်းပြသည်။



MPRL E&P သည် နွေရာသီသင်တန်းအစီအစဉ်ကို ဒေသခံများအား စွမ်းရည်မြှင့်တင်သည့်အစီအစဉ်၏ အခန်းကဏ္ဍတစ်ရပ်အနေဖြင့် သက်ဆိုင်ရာဒေသခံအစည်းများ၊ သင်တန်းဆရာများနှင့် ပူးပေါင်းပံ့ပိုးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလတစ်လျှောက်တွင်လည်း အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးခဲ့သည်။

သင်ခန်းစာနားလည်မှုစစ်ဆေးသည့် စာမေးပွဲတွင် အမှတ်အများဆုံးရရှိခဲ့သည့် ဆင်ခေါင်းအထက်တန်းကျောင်း၏ ရုံးအကူဖြစ်သူ မယ်ဘေ့ကုန်းကျေးရွာမှ မောင်အောင်ဘိုဘိုက "လက်ရှိအလုပ်အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုတစ်ခုဖြစ်လို့ အထောက်အကူဖြစ်အောင်တက်ခဲ့တာပါ။ ကွန်ပျူတာအခြေခံတွေကို သင်ကြားရေးပိုင်းမှာအတွေ့အကြုံရှိတဲ့ ဆရာ၊ ဆရာမတွေက သင်ကြားပေးခဲ့ပါတယ်။ နားလည်အောင် စာတွေ့လက်တွေ့နဲ့ ပြင်ပဗဟုသုတတွေပါ စနစ်တကျ မျှဝေသင်ကြားပေးခဲ့ပါတယ်" ဆိုသည်။

ယခုနှစ်ဖွင့်လှစ်သည့် နွေရာသီသင်တန်းအမျိုးအစား (၄) ခုတွင် မန်းရေနံမြေလူငယ် စုစုပေါင်း (၇၇) ဦးကို လေ့ကျင့်သင်ကြားပို့ချနိုင်ခဲ့ပြီး အဆိုပါသင်တန်းများအားလုံးအတွက် CSR အစီအစဉ်ဖြင့် စုစုပေါင်း ကျပ် ၇,၀၄၈,၄၀၀/ (ကျပ်သိန်းခုနစ်ဆယ်လေးသောင်းရှစ်ထောင့်လေးရာ) အကုန်အကျခံ၍ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။ ■















# MPRL E&P CSR အစီအစဉ်ဖြင့် မန်းရေနံမြေဒေသခံများအတွက် နွေရာသီသင်တန်းများ ဖွင့်လှစ်ပြီးစီး

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသခံလူငယ်များအတွက် ၂၀၂၅ ခုနှစ်၊ မတ်လမှမေလအတွင်း နွေရာသီပန်းချီသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် သုခမိန်နွေရာသီသင်တန်းကျောင်းအစီအစဉ်များကို ဖွင့်လှစ်ပံ့ပိုးနိုင်ခဲ့သည်။ ယင်းသို့ ပံ့ပိုးရာတွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူမည့် လူငယ်များနှင့် လုပ်ငန်းခွင်ဝင်မည့် အသက် (၁၆) နှစ်နှင့်အထက်လူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံနှင့်အဆင့်မြင့်ပန်းချီ





ရေးဆွဲနည်းသင်တန်းနှင့် မန်းရေနံမြေဒေသခံများအနက် စတုတ္ထတန်းကျောင်းသားများအတွက် ပညာရေးဝန်ကြီးဌာန၏သင်ရိုးများကို ကြိုတင်လေ့လာနိုင်မည့် သုခမိန်ပညာရေးအက်ပ်အသုံးပြုသင်ကြားခဲ့သည့် သုခမိန်နွေရာသီကျောင်းတို့ဖြင့် ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။

**လူငယ်များအတွက် ကွန်ပျူတာအခြေခံ**

အဆိုပါသင်တန်းများအနက် MPRL E&P (CSR အစီအစဉ်) က MCC Computer Training Center (Minbu) နှင့်ပူးပေါင်း၍ အခြေခံကွန်ပျူတာသင်တန်းကို နန်းဦးကျေးရွာ လူထုအခြေပြုဗဟိုဌာနတွင် အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်းမတ်လ (၁၅) ရက်မှ မေလ (၁၈) ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် လာရောက်ပူးပေါင်းပို့ချခဲ့သည့် MCC Computer Training Center (Minbu) ၏ သင်တန်းဆရာနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးသော်တာဇော်က "MPRL E&P CSR အစီအစဉ်အနေနဲ့ လူငယ်တွေအတွက် မန်းရေနံမြေမှာ ကွန်ပျူတာသင်တန်းဖွင့်ဖို့ဆက်သွယ်လာတာကြောင့် ကျွန်တော်တို့သင်တန်းကျောင်းက ပူးပေါင်းပြီး သင်တန်းလာရောက်ပို့ချဖြစ်တာပါ။ အရင်က လူမှုအဖွဲ့အစည်းတွေမှာ ကျွန်တော်တာဝန်ထမ်းဆောင်စဉ်က ရွာတွေမှာ ကွန်ပျူတာသင်ပေးချင်တဲ့စိတ်ကူးရှိခဲ့ပါတယ်။ ဒါပေမယ့် ပစ္စည်းသယ်ယူပို့ဆောင်ရမယ့် အခက်အခဲလေးတွေရှိတော့ မဖွင့်နိုင်ခဲ့ဘူး။






အခုတော့ MPRL E&P က သင်တန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေ သယ်ပို့တာကအစ အားလုံးစီစဉ်ပေးတာနဲ့ ဒီသင်တန်းဖွင့်ဖြစ်ခဲ့ပါတယ်။ MPRL E&P ရဲ့ ပံ့ပိုးမှုနဲ့အတူ ကျွန်တော်ရဲ့ အရင်ကစိတ်ကူးလေးတွေ ပုံပေါ်လာလို့လည်း တကယ်ကျေးဇူးတင်ပါတယ်။ သင်တန်းမှာက Microsoft Office 2019 နဲ့ Adobe Page Maker တို့လို လက်တွေ့အသုံးချနိုင်တာလေးတွေသင်ပေးတော့ ရုံးလုပ်ငန်းတွေနဲ့ အလုပ်အကိုင်ရှာဖွေဖို့လည်း အထောက်အကူဖြစ်မှာပါ။ သင်ကြားရေးမှာ တချို့သင်တန်းသားငယ်တွေအတွက် သင်ရိုးက နည်းနည်းအလှမ်းကွာတာမျိုးရှိနိုင်ပေမယ့် သင်တန်းတစ်ခုလုံးအနေနဲ့ အောင်မြင်တယ်ပြောရမှာပါ။ နောင်လာမယ့် သင်တန်းသားတွေရဲ့ ပညာအရည်အချင်းညီရင် သင်ရိုးဆွဲရတာလည်း ပိုအဆင်ပြေပြီး သင်တန်းသားတွေအတွက် ပိုထိရောက်မယ်ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ MPRL E&P ကုမ္ပဏီကိုရော သင်တန်းမှာကူညီပေးခဲ့တဲ့ ဝန်ထမ်းတွေအားလုံးကိုပါ ကျေးဇူးတင်ပါတယ်" ဟု မှတ်ချက်ပြုသည်။

အခြေခံကွန်ပျူတာသင်တန်းတွင် ကွန်ပျူတာအကြောင်းသိကောင်းစရာများ၊ Windows နှင့် အင်တာနက်အသုံးပြုပုံ၊ Microsoft Word၊ Excel၊ PowerPoint နှင့် Adobe Page Maker တို့ကို သင်ကြားပို့ချခဲ့ပြီး အသက် (၁၆) နှစ်နှင့်အထက် မန်းရေနံမြေဒေသခံ လူငယ် (၁၅) ဦး တက်ရောက်ခဲ့သည်။

စာမျက်နှာ - ၁၈ ➤